**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြဟ္မဏသည် ဈာန်ဝင်စားသော်တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

# မြဝတီ

နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၄၃)

၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်
၂၀၂၄ ခုနှစ်၊ မေ ၃၁ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏ရှိရင်းစွဲဂုဏ်ဒြပ်များကို ပိုမိုတိုးတက်စေမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**

ပြည်ပမှစက်သုံးဆီတင်သင်္ဘောများအဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ပြည်တွင်းတွင် ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် စက်သုံးဆီအရောင်းဆိုင်များသို့ ရောင်တခင်ဝင်ရောက်ပြီး သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိ

စာ-၁၄ သို့




**အယ်ဒီတာ့အာဘော်** (၂၀၂၄ ခုနှစ်၊ မေ ၃၁ ရက်)

# ကျောင်းအပ်နှံရေးဆောင်ရွက်ပေးပါ

ပညာရေးကို အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့်ရရှိသည့် အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့်တန်ဖိုးများဟုဖွင့်ဆိုထားသည်လည်းရှိသည်။ လူတစ်ယောက်သည် ပညာကိုမွေးကင်းစအရွယ်ကစပြီး ဘဝတစ်သက်တာ သင်ယူလေ့လာနေကြရသည်။ ပညာကိုသင်ယူလေ့လာထားသည့် လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့်ပညာနှင့် ဘဝကိုပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိကိုယ်တိုင်နှင့်မိမိပတ်ဝန်းကျင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး လူ့အသိုက်အဝန်းကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။

ဘက်စုံပညာရေးသည် လူတစ်ဦးချင်းစီ၏ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာတတ်မြောက်မှုကိုသာမက ပင်ကိုအရည်အသွေးများ၊ ကိုယ်ရည်ကိုယ်သွေးများကို ဘက်စုံမြှင့်တင်ပေးသည်။ စဉ်းစားသုံးသပ်တွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ တီထွင်ဖန်တီးမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလိုက်သင့်ဆောင်ရွက်တတ်မှု၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားချက်နားလည်မှု၊ တရားမျှတမှု၊ လောကနီတိဆိုင်ရာအပြုအမူနှင့် ဦးဆောင်တတ်မှုအစရှိသည့် ဘက်စုံကျယ်ပြန့်သည့်အရည်အသွေးများ၊ စွမ်းရည်များ၊ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပညာရေးက ပြည့်စုံစေမည်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံပညာရေးသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်မှပါဝင်လျက်ရှိသည်။ ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံသားများ၏ရပိုင်ခွင့်နှင့်တာဝန်ဝတ္တရားများကို ပိုမိုနားလည်သဘောပေါက်ကြသည်နှင့်အညီ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးတွင်ပိုမိုပူးပေါင်းပါဝင်နိုင်သည့် အင်အားစုများဖြစ်လာကြမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံအနေဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ရန် ဦးတည်ချက်ထားကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်ဖြစ်သည်။ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်ပညာရှင်များနှင့်သာ နိုင်ငံတော်ကိုဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိကတည်ဆောက်ကြရသည်။ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေသည်။ ထို့ကြောင့်နိုင်ငံဖွံ့ဖြိုးရေးအတွက် ပညာတတ်များပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင်ကျောင်းနေအရွယ်ကလေးအားလုံးအရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့်ပညာသင်ယူနိုင်ခွင့်ရစေရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက်ပညာရေးကို နိုင်ငံတော်အစိုးရကမဖြစ်မနေအကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံးပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံးအလယ်တန်းအဆင့် KG+9 ပြီးမြောက်သည်အထိပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေးပိုမိုကောင်းမွန်လာစေရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီကြိုးစားဆောင်ရွက်ကြမည်ဆိုပါက မအောင်မြင်စရာအကြောင်းရှိမည်မဟုတ်ပေ။

နိုင်ငံတော်အနေဖြင့်အခမဲ့ပညာရေးအစီအစဉ်အရ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးနေသကဲ့သို့ ချို့တဲ့သူများကို ပညာသင်ထောက်ပံ့ကြေးပံ့ပိုးပေးခြင်းတို့သည် အခက်အခဲရှိသည့်မိဘများ၏ဝန်ထုပ်ဝန်ပိုးကို အထိုက်အလျောက်လျော့ကျစေနိုင်ပြီး ကလေးများကိုကျောင်းထားရေးအတွက်အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ပညာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်ခွင့်ပြုပေးပြီး ပညာရေးကဏ္ဍမြင့်မားစေရန် အဘက်ဘက်မှပံ့ပိုးပေးလျက်ရှိသည်။ ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏သားသမီးများကို အမှန်တကယ်စာတတ်မြောက်စေရန်ကျောင်းအပ်နှံပေးကြရမည်ဖြစ်သည်။ မြန်မာစကားပုံတွင် ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက် ဟူ၍ရှိသည်။ အလားတူပင် ပညာအသက်သည် ဘဝတစ်သက်ဖြစ်ကြောင်း သိရှိနားလည်ကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက်မိဘများကိုယ်တိုင်က စိတ်ဝင်တစားရှိရန်လိုအပ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**နေပြည်တော် မေ ၃၀**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ဆီရမ်ရိ မေ ၃၀

(၂၅) ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေး (25th ASEAN Sub–Committee Meeting on Information) ကို မေ ၂၉ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့ရှိ Sokhalay Angkor Resort Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ–အာဆီယံပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ (SCI) အလှည့်ကျသဘာပတိနှင့် ကမ္ဘောဒီးယား–ပြန်ကြားရေးဆပ်ကော်မတီဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် H.E. Dr. Sles Alfin နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံပြန်ကြားရေးကဏ္ဍဆိုင်ရာ ရေ့လုပ်ငန်းစဉ်များအတွက်အာဆီယံယဉ်ကျေးမှု ရန်ပုံငွေဘတ်ဂျက်လျာထားခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ အဆိုပြုစီမံကိန်းအသစ်များအား ဆောင်ရွက်လိုသည့် နိုင်ငံများအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆွေးနွေးစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Project Proponent အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် “Documentary Production on Sustainable ASEAN MSMEs” စီမံကိန်းအပေါ် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံး၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ယူဆောင်ရွက်သည့်“VIVID ASEAN” စီမံကိန်းနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်သည့် “Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement” စီမံကိန်းများ၊ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ (CPR) ၏ အတည်ပြုချက်ရရှိခဲ့မှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် “Promotion of ASEAN Value and Identity in All AMS” စီမံကိန်းအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

**ရည်ရွယ်ကျင်းပ**

အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး၊ အာဆီယံစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် အဓိကရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်အလှည့်ကျသဘာပတိတာဝန်နှင့် အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်းဖြစ်ရာ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၂၆)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆပ်ကော်မတီအစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက အလှည့်ကျတာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မော်လမြိုင် | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၅ | ၂၆၄၅ | ၂၆၂၀ | ၂၅၇၅ | ၂၆၄၅ | ၂၆၆၀ | ၂၆၇၀ | ၂၆၂၅ | ၂၇၅၅ | ၂၇၈၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၇၀ | ၂၆၈၀ | ၃၀၉၀ | ၄၃၀၀ |
| 95 Ron | ၂၆၆၅ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၅ | ၂၈၅၅ | ၂၈၈၅ | ၂၇၃၀ | ၂၇၄၅ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၉၀ | ၄၄၅၀ |
| HSD (500 ppm) | ၂၃၃၀ | ၂၄၁၀ | ၂၃၈၅ | ၂၃၄၀ | ၂၄၁၀ | ၂၄၂၀ | ၂၄၃၅ | ၂၃၉၀ | ၂၅၂၀ | ၂၅၅၀ | ၂၃၉၅ | ၂၄၁၀ | ၂၄၄၅ | ၂၄၃၅ | ၂၄၄၅ | ၂၈၁၅ | ၄၄၀၀ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၅၅ | ၂၄၃၅ | ၂၃၉၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၀ | ၂၄၄၀ | ၂၅၇၀ | ၂၆၀၀ | ၂၄၄၅ | ၂၄၆၀ | ၂၄၉၅ | ၂၄၈၅ | ၂၄၉၅ | ၂၉၀၅ | ၄၄၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၃ | ၂၅၁၅ |
| 95 Ron | ၂၅၂၇ | ၂၆၁၁ |
| HSD (500 ppm) | ၂၂၀၄ | ၂၂၇၇ |
| HSD (50 ppm) | ၂၂၅၁ | ၂၃၂၅ |
| HSD (10 ppm) | ၂၂၅၁ | ၂၃၂၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန် တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
 (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

| စဉ် | တမံအမည် | ရည်ရွယ်ချက် | ပြီးစီးသည့်နှစ် | ရေလှောင်ပမာဏ (ဧကပေ) | လျှပ်စစ်တပ်ဆင်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ဓာတ်အားထုတ်လုပ်မှု (ကီလိုဝပ်နာရီသန်း) |
|---|---|---|---|---|---|---|
| ၉ | Glen Canyon | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၆၆ | - | ၁၂၉၆ | ၃၄၅၄ |
| ၁၀ | Price Stublla | | | | | |
| ၁၁ | Gland Valley (Division) | စိုက်ပျိုးရေး | ၁၉၁၆ | - | ၃ | ၁၉ |
| ၁၂ | Windy Gap (Division) | စိုက်ပျိုးရေး မြို့ရေပေးရေး | ၁၉၇၀ | ၄၄၅ | - | - |
| ၁၃ | Grandy | စိုက်ပျိုးရေး မြို့ရေပေးရေး | ၁၉၅၀ | ၅၃၉၈၀၀ | - | - |
| ၁၄ | Shadow Mountain | စိုက်ပျိုးရေး မြို့ရေပေးရေး၊ | ၁၉၄၆ | ၁၈၄၀၀ | - | - |
| | စုစုပေါင်း | | | - | ၃၇၆၈. ၅ | ၈၈၈၅ |

**ကိုလိုရာဒိုလက်တက်မြစ်များပေါ်မှ အထင်ကရတာတမံများ**

| စဉ် | တမံအမည် | ရည်ရွယ်ချက် | ပြီးစီးသည့်နှစ် | ရေလှောင်ပမာဏ (ဧကပေ) | လျှပ်စစ်တပ်ဆင်အင်အား (မဂ္ဂါဝပ်) | နှစ်စဉ်ဓာတ်အားထုတ်လုပ်မှု (ကီလိုဝပ်နာရီသန်း) |
|---|---|---|---|---|---|---|
| ၁ | Blue Mesa | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၆၆ | ၉၄၀၇၀၀ | ၈၆. ၄ | ၂၀၃ |
| ၂ | Dillon | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၁၉၆၃ | ၂၅၇၃၀၄ | ၁. ၈ | - |
| ၃ | Flaming Gorge | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၆၄ | ၃၇၈၈၇၀၀ | ၁၅၃ | ၃၄၄ |
| ၄ | Fontenelle | စိုက်ပျိုးရေး၊ ရေထိန်းညှိရန် | ၁၉၆၄ | ၃၄၅၃၆၀ | ၁၀ | ၆၇ |
| ၅ | Green Mountain | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၄၃ | ၁၅၃၆၃၉ | ၂၁. ၆ | ၆၀ |
| ၆ | Joes Valley | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၁၉၆၆ | ၅၄၉၂၀ | - | - |
| ၇ | Mc Phee | စိုက်ပျိုးရေး၊ ရေထိန်းညှိရန် | ၁၉၈၄ | ၃၈၁၁၉၅ | ၁. ၂၈ | ၅၃ |
| ၈ | Morrow Point | လျှပ်စစ် စိုက်ပျိုးရေး | ၁၉၆၈ | ၁၁၇၁၉၀ | ၁၇၃. ၃ | ၂၉၂ |
| ၉ | Navajo | ရေထိန်းညှိရန်၊ မြို့ရေပေးရေး | ၁၉၆၂ | ၁၇၀၈၆၀၀ | ၃၂ | ၂၁၅ |
| ၁၀ | Ridges Basin | စိုက်ပျိုးရေး | ၂၀၀၇ | ၁၂၀၀၀၀ | - | - |
| ၁၁ | Ridgway | စိုက်ပျိုးရေး၊ ရေထိန်းညှိရန် | ၁၉၈၇ | ၈၄၄၁၀ | - | - |
| ၁၂ | Ruedi | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၁၉၆၈ | ၁၀၂၀၀၀ | - | - |
| ၁၃ | Soldier Creek | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၁၉၇၄ | ၁၁၂၇၆၁၀ | - | - |
| ၁၄ | Scofield | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၁၉၄၆ | ၇၃၆၀၀ | - | - |
| ၁၅ | Starvation | စိုက်ပျိုးရေး | ၁၉၇၀ | ၁၆၇၃၀၀ | - | - |
| ၁၆ | Taylor | စိုက်ပျိုးရေး | ၁၉၃၇ | ၁၀၆၂၀၀ | - | - |
| ၁၇ | Vallecito | စိုက်ပျိုးရေး | ၁၉၄၁ | ၁၂၉၇၀၀ | - | - |
| ၁၈ | Vega | စိုက်ပျိုးရေး | ၁၉၅၉ | ၃၃၈၀၀ | - | - |
| ၁၉ | Willion Fork | စိုက်ပျိုးရေး | ၁၉၅၉ | ၉၆၈၂၂ | ၃. ၁၆ | - |
| ၂၀ | Wolford Mountain | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၁၉၉၆ | ၆၆၀၀၀ | - | - |
| ၂၁ | Alamo | ရေကြီးမှု ကာကွယ်ရေး | ၁၉၆၈ | ၁၀၄၃၀၀၀ | - | - |
| ၂၂ | Bartlett | ရေကြီးမှု ကာကွယ်ရေး | ၁၉၃၉ | ၁၇၆၁၈၆ | - | - |
| ၂၃ | Coolidge | စိုက်ပျိုးရေး ရေကြီးမှု ကာကွယ်ရေး | ၁၉၃၀ | ၉၁၀၀၀၀ | - | - |
| ၂၄ | Horse Mesa | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၂၇ | ၂၄၅၁၃၈ | ၁၂၉ | ၁၂၆ |
| ၂၅ | Horse | ရေထိန်းညှိရန် | ၁၉၄၆ | ၁၃၁၅၀၀ | - | - |
| ၂၆ | Mormon Flat Dam | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၂၅ | ၅၇၈၅၂ | ၆၀ | ၆၅ |
| ၂၇ | New Waddell | လျှပ်စစ်၊ စိုက်ပျိုးရေး၊ မြို့ရေပေးရေး၊ ရေကြီးမှု ကာကွယ်ရေး၊ ရေထိန်းညှိရန် | ၁၉၉၄ | ၁၁၀၈၆၀၀ | ၄၅ | - |
| ၂၈ | Painted Rock Dam | ရေကြီးမှု ကာကွယ်ရေး | ၁၉၆၀ | ၂၄၉၁၇၀၀ | - | - |
| ၂၉ | Sand Hollow | စိုက်ပျိုးရေး၊ မြို့ရေပေးရေး | ၂၀၀၂ | ၅၁၃၆၀ | - | - |
| ၃၀ | Stewart Mountain | လျှပ်စစ်၊ ရေထိန်းညှိရန် | ၁၉၃၀ | ၆၉၇၆၅ | ၁၃ | ၅၇ |
| ၃၁ | Theodore Roose | လျှပ်စစ်၊ စိုက်ပျိုးရေး၊ ရေကြီးမှု ကာကွယ်ရေး၊ ရေထိန်းညှိရန် မြို့ရေပေးရေး | ၁၉၁၁ | ၂၉၁၀၂၀၀ | ၃၆ | ၁၂၃ |
| | စုစုပေါင်း | | | ၁၉၀၁၆၅၅၁ | ၇၆၅. ၆ | ၁၅၆၂. ၁၇၄ |

ပင်မမြစ်နှင့်လက်တက်မြစ်များ ပေါင်းစပ်လေ့လာပါက ရေလှောင်ပမာဏမှာ ၇၇၃ သိန်းဧကပေရှိသည်။ ရေအားလျှပ်စစ်တပ်ဆင်အင်အားမှာ ၄၅၂၈ မဂ္ဂါဝပ်ခန့်ရှိသည်။ နှစ်စဉ် ထုတ်လုပ်ပေးနေသောဓာတ်အားမှာ ယူနစ်သန်းပေါင်း ၁၀၄၄၇ ခန့်ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**သရက်၊ စိမ်းလန်းစိုပြည်ရေး**

## သရက်မြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်၌ ပျိုးပင်စုံ ပျိုးထောင်ထား

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးနိုင်ရန် သရက်မြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်၌ ပျိုးပင်စုံ ပျိုးထောင်ထားကြောင်း သိရသည်။

သရက်မြို့နယ် သစ်တောဦးစီးဌာနမှ နှစ်စဉ် ပျိုးပင်များကို ပျိုးထောင်ထားပြီး မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့စိုက်ပျိုးလိုသည့်ပျိုးပင်များကို စိုက်ပျိုးနိုင်စေရန် ယူကလစ်၊ တမာ၊ ရေတမာ၊ ပိတောက်၊ မြန်မာကုက္ကို၊ မန်ဂျန်ရှား၊ ရှားနှင့်ဝါးတို့ကို ပျိုးထောင်ထားကာ ဒေသခံပြည်သူများထံ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာန၌ မိုးရာသီတွင်စိုက်ပျိုးရန် ပိတောက်ပင် ၅၅၀၀၊ ယူကလစ်ပင် ၆၀၀၀၀၊ တမာပင် ၂၀၀၀၀၊ ရေတမာပင် ၁၅၀၀၀၊ မြန်မာကုက္ကိုပင် ၂၀၀၀၀၊ မန်ဂျန်ရှားပင် ၄၅၀၀၊ ရှားပင် ၆၅၀၀၊ ဝါးပင် ၁၂၀၀ ကို ပျိုးထောင်ထားသည်။

သရက်မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် နေ့စဉ် ပျိုးပင်များကို ပေါင်းသင်ခြင်း၊ မြက်ရှင်းခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

နေပြည်တော် မေ ၂၀

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း/တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မှော်ဘီမြို့နယ်နှင့် မင်္ဂလာဒုံမြို့နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးစခန်းများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဥစားကြက်များမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၂၀

# နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနားပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား/ကျောင်းသူများ ကျောင်းအပ်နှံနေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။

၎င်းနောက် စာသင်ကျောင်းခန်းမအတွင်း ကျောင်းသား/ကျောင်းသူများက **"ကျောင်းအပ်နှံရေးနေ့"** သီချင်းဖြင့်သီဆိုကာဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးလွယ်အိတ်များကို ပေးအပ်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများက **"မြန်မာ့ကျောင်းသား"သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။**

(၁၀၀)

နေပြည်တော် မေ ၂၀

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံမှုဆက်လက်ဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိအခြေခံပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ၊ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်းထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်၏ ပဥ္စမရက်ဖြစ်သည့် ယနေ့အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၉၅၉၂၈၃ ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။ ထိုသို့ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းများ၏လုံခြုံရေး၊ လာရောက်ကျောင်းအပ်နှံကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသုံးပြဋ္ဌာန်းပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




အနောက်မြောက်တိုင်းစစ်ဌာနချုပ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

# စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံးကောင်းမွန်မည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္တေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❖ တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရေး ခံယူချက်ကောင်းများဖြင့် လေ့ကျင့်ရေးဆိုင်ရာများကို လိုက်နာလေ့ကျင့်သွားကြရမည်ဖြစ်. . .

❖ နည်းပြများ၊ သင်တန်းသားများအနေဖြင့်လည်း တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို၊ ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို. . .

❑ ကျောဖုံးမှအဆက်

ဆရာမကြီးများ၊ သန္တေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား စစ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္တေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

## နိုင်ငံတော်၏ နိုင်ငံရေးအရဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အတွက် နိုင်ငံတော်ကိုနိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ရပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များနှင့်အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့မှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကြားမှ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများကို အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

## သင်တန်းသားတစ်ဦးချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် စစ်တက္ကသိုလ်သည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အရာရှိကောင်းများကို မွေးထုတ်ပေးနိုင်ရေး အဓိကသင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရေး သင်တန်းနှစ်အလိုက် သတ်မှတ်ထားသည့် လေ့ကျင့်ရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး ခံယူချက်ကောင်းများဖြင့် လေ့ကျင့်ရေးဆိုင်ရာများကို လိုက်နာလေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီအလိုက် မိမိကိုယ်ကိုအားကိုးယုံကြည်သည့်စိတ်ဓာတ်များရရှိစေရေး၊ ကိုယ်ပိုင်အစွမ်းအစများဖြင့် အောင်မြင်သည့်ဘဝကိုဖြတ်သန်းနိုင်သော ခိုင်မာသည့်စိတ်ဓာတ်များရရှိစေရေး နည်းပြများမှ မိမိတို့သင်ကြားခဲ့ရသည့် စာပေဗဟုသုတများ၊ ဘဝတစ်လျှောက် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နည်းပြများ၏ သင်ကြားလေ့ကျင့်ပေးမှုများကို စွဲမြဲစွာမှတ်ယူ၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်ကိုအားကိုးယုံကြည်သည့် စိတ်ခွန်အား၊ ခံယူချက်ကောင်းတို့ဖြင့် ဖြတ်သန်းကြရန်လိုကြောင်း။

## ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ မိမိကိုယ်ကိုချိန်ထိုး၍ လိုက်နာဆောင်ရွက်ရန်လိုပြီး စည်းကမ်းစနစ်တကျရှိရမည်

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက် ချမှတ်ထားရှိပြီး အဆိုပါအချက်များနှင့် ချိန်ထိုး၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ **ခေါင်းဆောင်များအနေဖြင့် လိုက်နာရန်လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကိုစောင့်ထိန်းခြင်းသည် မိမိကိုယ်ကိုထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်**ကြောင်း၊ မိမိဦးဆောင်ရသည့် လက်အောက်ငယ်သားများ၏အကျိုးကိုဖော်ဆောင်နိုင်ရေး၊ မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် လေ့လာသင့်လေ့လာထိုက်သည်များကိုလည်း အမြဲမပြတ်လေ့လာနေရန်လိုကြောင်း။

စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံးကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုသင်တန်းသားများဘဝကတည်းကပင် မိမိကိုယ်ကို စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ မွေးမြူဆောင်ရွက်သွားကြရန်လိုပြီး ဘဝတစ်လျှောက်လုံးကျင့်သုံးဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ခြင်း၊ မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းနေထိုင်ခြင်းဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

## အနာဂတ်တွင်အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး

ထို့ပြင် **တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ပညာတတ်မြောက်ရန်နှင့် အသိပညာဗဟုသုတကြွယ်ဝရန်လိုအပ်**ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရအားပေးမြှင့်တင်မှုပြုလုပ်ရန် များစွာလိုအပ်ချက်များရှိနေဆဲဖြစ်သဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များတည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်မှုရှိစေရေး နိုင်ငံတော်မှအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပြများ၊ သင်တန်းသားများအနေဖြင့်လည်း တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုပြီး ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်ကာ ဘဝတိုးတက်မြင့်မားရေးအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အသိပညာကြွယ်ဝခြင်းဖြင့် တစ်ဦးချင်းစီ၏ လူနေမှုပုံစံပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး အနာဂတ်တွင်အသိပညာကြွယ်ဝသည့်လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## နည်းပြများမှ စနစ်တကျသင်ကြားလေ့ကျင့်ပေးရန်လိုသကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း ကြိုးစားအားထုတ်မှု အပြည့်ဖြင့်လေ့ကျင့်သင်ယူကြရန်လို

သင်ကြားရေးနှင့်ပတ်သက်၍ အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ၎င်းအတတ်ပညာကို စာမျက်နှာ ၇ သို့ ❑

❑ စာမျက်နှာ ၆ မှအဆက်

ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ ရှိကြောင်း၊ နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာပညာရပ်နှင့် စာပေပိုင်းဆိုင်ရာပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာတတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနှင့် ပတ်သက်ပါက ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ အရည်အချင်းနှင့်ပြည့်စုံသဖြင့် နည်းပြများဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့်ချိန်ထိုး၍ စနစ်တကျသင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကိုမွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့် ပြည်သူကအားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **ဗိုလ်လောင်းတစ်ဦးချင်းစီအလိုက်၊ သင်တန်းအမှတ်စဉ်အလိုက် စုဖွဲ့ပေးထားသည့် အုပ်ထိန်းသူ Guardian အဖြစ် တာဝန်ယူထားသူများအနေဖြင့်လည်း အစ်ကိုအစ်မစိတ်ဓာတ် မိဘသဖွယ်စိတ်ဓာတ်ထားရှိ၍ သင်တန်းသားများအပေါ် မှန်ကန်သည့်ဦးဆောင်မှုနှင့် လမ်းညွှန်မှုများပေးနိုင်ရန်လိုပြီး ၎င်းတို့၏ ဘဝလမ်းကြောင်းမှန်အပေါ် တည့်မတ်ပေးနိုင်ရန်လို**ကြောင်း။

နည်းပြများအနေဖြင့် ထိုကဲ့သို့ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း မိမိတို့အဆင့်အလိုက်တက်ရောက်ရသည့်သင်တန်းများတွင် ကြိုးပမ်းအားထုတ်သင်ကြားကြရန်လိုကြောင်း၊ အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး ပြည်သူက အားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင်တက်ရောက်ချိန်မှစ၍ အဆင့်လိုက်တက်ရောက်ရသည့်သင်တန်းများကို အဆင့်ဆင့်သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့်တပ်မတော်က အချိန်နှင့်ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် **မိမိတို့ဘဝတိုးတက်ရေး နိုင်ငံတော်နှင့်တပ်မတော်၏ မျှော်မှန်းချက်များမပျောက်ပျက်စေရေးတို့အတွက် စည်းကမ်းစနစ်တကျဖြင့် မိမိကိုယ်ကို စောင့်ထိန်း၍ ပညာကို ကြိုးပမ်းသင်ကြားကြစေလို**ကြောင်းဖြင့် မှာကြားပြီး နည်းပြအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## အသိပေးနှိုးဆော်ချက်

၁-၆-၂၀၂၄ ရက်နေ့ ဝ၆း၃၀ အချိန်တွင် ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်၌ သံဃာတော်(၅၅၅၅)ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အနောက်ရွှေဂုံတိုင်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ရွှေဂုံလမ်းဆုံရာမှလည်းကောင်း၊ အာဇာနည်လမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ အနောက်ရွှေဂုံတိုင်လမ်းနှင့်ဆုံရာ ဦးဝိစာရလမ်းထိလည်းကောင်း၊ ဦးထောင်ဘိုလမ်းအား ဦးထောင်ဘိုအဝိုင်းမှ ဦးဝိစာရအဝိုင်းအထိလည်းကောင်း၊ ရွှေတိဂုံဘုရားလမ်းအား ရွှေတိဂုံဘုရားတောင်ဘက်မုခ်မှ ပန်တျာလမ်းထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-အာဇာနည်လမ်းဆုံရာထိလည်းကောင်း အခမ်းအနားမကျင်းပမီ ဝ၄း၀၀ အချိန်မှ အခမ်းအနားပြီးဆုံးချိန်အထိ ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

နေပြည်တော် မေ ၂၀

## ပြည်ပမှ တင်သွင်းသောကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုရန် အသိပေးကြေညာ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက်မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေလ ၂၀ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ( ၃/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့်ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့်ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသောကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀)ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသောကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန် ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသောဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထားလိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ်ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့်လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် နှိုးဆော်အသိပေးကြေညာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

နေပြည်တော် မေ ၂၀

## ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်ဘီလေတပ်စခန်း အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား ဗိုလ်မှူးချုပ်ကျော်သက်နိုင်က သင်တန်းဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တပ်မတော်(လေ)ပိုက်ကျော်ခြင်းအသင်း၏သရုပ်ပြခတ်ကစားမှုနှင့် ပြိုင်ပွဲဝင်အသင်းများ၏ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။



၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၏ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန်လ ၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော် မေ ၂၀

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



နေပြည်တော် မေ ၂၀

## အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းထုတ်ပြန်

အကောက်ခွန် ကုန်လှောင်ရုံအတွင်း ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စုစာရင်းကို ယနေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ(၂/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည်။

ကျန်းမာရေးကဏ္ဍတွင် ဆေးဝါးအလုံအလောက်ရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ် တိုးတက်အသုံးပြုမှုကို အထောက်အကူပြုနိုင်စေရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်မှုကို အချိန်တိုအတွင်း ထုတ်ယူအသုံးပြုနိုင်စေရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ဆေးဝါး၊ လျှပ်စစ်သုံးယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်မှုလုပ်ငန်းသုံး ဓာတုကုန်ကြမ်းပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုခြင်းအားဖြင့် ပြည်တွင်းအငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရန် အထောက်အကူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်မှု ပြည်ထောင်စုမှခွဲထွက်လိုမှုနှင့် ပထဝီနိုင်ငံရေးအရအရေးပါသော အနောက်ဘက်တံခါးပြသနာ

နရီမိုး

**နိဒါန်း**

ယနေ့ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော နိုင်ငံရေးအခြေအနေများသည် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးအခွင့်အလမ်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေကြောင်း တွေ့ရှိရသည်။ ထို့ပြင် ရခိုင်ပြည်နယ်၏ တည်ရှိမှုအနေအထားနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုများသည်လည်း လက်ရှိဖြစ်ပွားလျက်ရှိသော ရခိုင်ပြည်နယ်စစ်မီးအား မီးစာတင်ပေးသကဲ့သို့ရှိနေကြောင်းတွေ့ရှိနေရခြင်းဖြစ်သည်။

**အိန္ဒိယ၊ မြန်မာနှင့် တရုတ်နိုင်ငံတို့၏ Choke Point ဆုံရာဒေသ**

အိန္ဒိယ-မြန်မာဆက်ဆံရေးသည် မြန်မာနိုင်ငံလွတ်လပ်ရေးရသော ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် တရားဝင်စတင်ခဲ့သော်လည်း တရုတ်နိုင်ငံအနေဖြင့်မူ ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင်မှသာ တရားဝင်စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ပထဝီအနေအထားဆက်စပ်မှုအရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ကုန်းနယ်နိမိတ် ကီလိုမီတာ ၂၂၀၀ အထိ ဆက်စပ်လျက်ရှိသည့်အပြင် အိန္ဒိယ၏အရှေ့မြောက်ဒေသဖြစ်သော ပြည်နယ် ၄ ခုနှင့်လည်း နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး ၁၆၄၃ ကီလိုမီတာရှည်လျားသော နှစ်နိုင်ငံကုန်းနယ်နိမိတ်နှင့် ၇၂၅ ကီလိုမီတာရှည်လျားသော ရေကြောင်းနယ်နိမိတ်တို့ဖြင့် ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ကုန်းနယ်နိမိတ်နှင့် ရေနယ်နိမိတ်တို့နှစ်ခုစလုံး ထိစပ်နေသည့် တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်နေသည်ကို တွေ့ရှိရသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးသည် အတိတ်ကာလများ၌ သာမန်အားဖြင့် တိုးတက်မှုမရှိဟု ယူဆနိုင်သော်လည်း ၂၀၁၉ ခုနှစ်တွင် ကျင်းပခဲ့သည့် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးတွင် ဝန်ကြီးချုပ်ဖြစ်သူ နာရန်ဒရာမိုဒီ ချမှတ်ခဲ့သည့် အရှေ့လမ်း မူဝါဒနှင့် အိမ်နီးချင်းဦးစားပေးမှု မူဝါဒနှစ်ခုလုံးအရ မြန်မာနိုင်ငံသည် အိန္ဒိယ၏ ဦးစားပေးမိတ်ဆွေနိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။

ထို့ပြင် ဒေသတွင်းပထဝီနိုင်ငံရေးအပြောင်းအလဲတွင်လည်း တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံလုံးအတွက် မြန်မာနိုင်ငံ၏ မဟာဗျူဟာကျကျတည်ရှိမှုသည် အရေးပါလျက်ရှိနေသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် တောင်အာရှ အရှေ့တောင်အာရှနှင့် အရှေ့အာရှသုံးခုလုံးစုဆုံရာ ပထဝီအနေအထားတွင် ရှိနေခြင်း၊ ရှည်လျားသည့် နှစ်နိုင်ငံနယ်နိမိတ်ပိုင်ဆိုင်ထားခြင်း၊ မြန်မာနိုင်ငံ၏ စွမ်းအင်သယံဇာတကြွယ်ဝခြင်းတို့နှင့် အိန္ဒိယ၏ အရှေ့ဘက်ပြည်နယ်များ၏ အဓိကဝင်ပေါက်၊ တရုတ်နိုင်ငံ၏ အနီးစပ်ဆုံး မဟာဗျူဟာအရ အရေးပါသော ပင်လယ်ထွက်ပေါက်ဖြစ်နေခြင်းတို့သည် အိမ်နီးချင်းနိုင်ငံကြီးများကြား အကျိုးစီးပွားပြိုင်ဆိုင်မှုများ ရှိလာခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ပထဝီနယ်မြေအနေအထားတည်ရှိမှုသည် ဗြိတိသျှပထဝီပညာရှင် ဆာဟန်ဖို့ဂျွန်မက်ကင်းဒါဖော်ထုတ်ခဲ့သည့် နှလုံးသားနယ်မြေ (Heartland Theory) နှင့် ယေးတက္ကသိုလ်နိုင်ငံတကာဆက်သွယ်ရေးပညာပါမောက္ခ စပိုက်မင်ဖော်ထုတ်ခဲ့သည့် အစွန်အဖျားနယ်မြေ( Rimland Theory) တို့နှင့်လည်း ဆက်စပ်နေလျက်ရှိသည်။ အထူးသဖြင့် စစ်ရေးနှင့်စီးပွားရေးတို့တွင် အရှိန်အဟုန်ဖြင့်တိုးတက်လာသည့် တရုတ်၊ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့၏ အားပြိုင်မှုတွင် မြန်မာနိုင်ငံသည် Rimland Theory အရ Heartland Theory ၏ အနားသတ်မျဉ်းတွင် မဟာဗျူဟာကျကျတည်ရှိလျက်ရှိနေသည်ကိုတွေ့ရှိရသည်။ ထို့ပြင် နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်သည့် တရုတ်နိုင်ငံ၏ ပုလဲသွယ်စီမံကိန်းနှင့် ကျောက်ဖြူရေနက်စီမံကိန်း၊ အိန္ဒိယနိုင်ငံ၏ ကုလားတန်စီမံကိန်းတို့သည် ပထဝီနိုင်ငံရေးအရသော်လည်းကောင်း၊ သံတမန်ရေးနှင့် စီးပွားရေးတို့အတွက်သော်လည်းကောင်း အရေးကြီးဒေသ Choke Point အဖြစ် မဟာဗျူဟာကျကျ တည်ရှိနေလျက်ရှိသည်။

**တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ အကျိုးစီးပွားတည်ရှိမှု**

အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှ တရုတ်နိုင်ငံသို့ ရေနံတင်သွင်းမှု ၈၀ ရာခိုင်နှုန်းသည် မလက္ကာရေလက်ကြားအား ဖြတ်ကျော်တင်ပို့နေရခြင်းဖြစ်သည်။ အဆိုပါ အခြေအနေကြောင့် အမေရိကန်အနေဖြင့် တရုတ်နိုင်ငံ၏ ပင်လယ်ထွက်ပေါက်အပေါ် ပိတ်ဆို့နိုင်ရေး၊ မလက္ကာရေလက်ကြားအား ထိန်းချုပ်နိုင်ရေးနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများကို နိုင်ငံရေးနှင့် စစ်ရေးအရ လွှမ်းမိုးမှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏ စွမ်းအင်လုံခြုံရေးခြိမ်းခြောက်မှုကို ရှောင်လွှဲနိုင်ရန်အတွက် ဘင်္ဂလားပင်လယ်အော် ကျောက်ဖြူ (စစ်တွေ) ရေနက်ဆိပ်ကမ်းမှတစ်ဆင့် ယူနန်ပြည်နယ်ကူမင်းမြို့သို့ တိုက်ရိုက်သွယ်တန်းထားသည့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအား ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းကြောင်းသည် တရုတ်နိုင်ငံအတွက် အချိန်တိုသည့် လမ်းကြောင်းဖြစ်သည်။




ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအရ အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများကြားတွင် မဟာဗျူဟာကျကျ တည်ရှိနေသော ရခိုင်ပြည်နယ်အခြေပြ မြေပုံ။

ထို့ပြင် အဆိုပါကျောက်ဖြူပိုက်လိုင်းသည် မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယသမုဒ္ဒရာသို့ ထွက်ပေါက်လမ်းကြောင်းသစ်အတွက် အရေးကြီးသည့် မဟာဗျူဟာစီမံကိန်းတစ်ခုအဖြစ်ရှုမြင်နိုင်သည့်အပြင် တရုတ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် စွမ်းအင်လုံခြုံရေးအတွက် ပထဝီနိုင်ငံရေးအရအရေးပါကြောင်း တွေ့ရှိနိုင်သည်။ ထို့ကြောင့်ပင် တစ်ခုတည်းသောထွက်ပေါက်ဖြစ်သည့် ယူနန်ပြည်နယ်မှတစ်ဆင့် မူဆယ်၊ မန္တလေး၊ ကျောက်ဖြူလမ်းကြောင်းသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာကျသောလမ်းကြောင်းအဖြစ် တည်ရှိနေကြောင်း တွေ့ရှိနိုင်သည်။

အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ အရှေ့မျှော်မူဝါဒကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေါ်လာသန်း ၄၈၀ ခန့် ကုန်ကျမည့် ကုလားတန်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါစီမံကိန်းသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် နိုင်ငံ၏ မြောက်ပိုင်းရှိ မီဇိုရမ်ပြည်နယ်များသို့ ပြည်မမှ ကုန်ပစ္စည်းများကို ကိုးလ်ကတ္တားမှတစ်ဆင့် ပို့ဆောင်နိုင်ရေးဖြစ်သည်။ အဆိုပါ ကုန်ပစ္စည်းများသည် ဘင်္ဂလားပင်လယ်အော်ကိုဖြတ်သန်း၍ စစ်တွေမြို့မှတစ်ဆင့် ကုလားတန်မြစ်ကို ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးမှုနည်းပါးသော အရှေ့ဘက်ပြည်နယ်များသို့ ပို့ဆောင်ရန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကျောက်ဖြူဆိပ်ကမ်းကို ဆောင်ရွက်ထားပြီးဖြစ်သော တရုတ်အား အင်အားချိန်ခွင်လျှာပြန်လည်ထိန်းညှိနိုင်ရေးအတွက် ကုလားတန်စီမံကိန်းသည် အရေးပါနေလျက်ရှိကြောင်း တွေ့ရှိနိုင်ပေသည်။ ထို့ပြင် ကီလိုမီတာ ၁၄၀၀ ရှည်လျားသည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံတို့၏ အဝေးပြေးလမ်းစီမံကိန်းကို အရှေ့မျှော်မူဝါဒအရ ထပ်မံအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ အဝေးပြေးလမ်းသည် အိန္ဒိယနိုင်ငံ၏ အရှေ့ပိုင်း မိုရေးမှ မြန်မာနိုင်ငံ တမူး၊ ထိုမှတစ်ဆင့် ထိုင်းနိုင်ငံမဲဆောက်သို့ ဆက်သွယ်မည်ဖြစ်ကာ အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသများသို့ ပထမဆုံးဆက်သွယ်ပေးမည့် အရေးပါသော စီမံကိန်းတစ်ခုအဖြစ်တွေ့ရှိနိုင်သည်။

အထက်တွင်ဖော်ပြခဲ့သောအချက်အလက်များကြောင့် ပထဝီနိုင်ငံရေးနှင့် စီးပွားရေးအရ ရခိုင်ပြည်နယ်သည် မဟာဗျူဟာကျသည့်နေရာတစ်ခုအဖြစ်ကောင်းစွာတည်ရှိနေသော်လည်း ၎င်းဒေသသည် အိမ်နီးချင်းနိုင်ငံကြီးများ၏ အားပြိုင်မှုများအပြင် ရခိုင်ပြည်နယ်တွင်း အခြေချတပ်စွဲထားသည့် AA လက်နက်ကိုင်တပ်ဖွဲ့များ၏ တိုက်ပွဲဖော်ဆောင်မှုများကြောင့် မျှော်မှန်းသလောက် ဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုမရှိခဲ့သည်ကိုလည်း တွေ့ရှိနေရသည်။

**AA လက်နက်ကိုင်တပ်ဖွဲ့ဖြစ်တည်မှုနှင့် ရခိုင်ပြည်နယ်ပျက်စီးခြင်းအစ**

AA လက်နက်ကိုင်အဖွဲ့သည် KIA အကြမ်းဖက်သောင်းကျန်းသူများ ကြီးစိုးရာနယ်မြေ၌ ၂၀၀၉ ခုနှစ်တွင် စတင်အခြေချ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်သို့ စတင်ဝင်ရောက်လာခဲ့ကာ လူမျိုးရေးစိတ်ဓာတ်များ တွန်းအားပေးခြင်းဖြင့် တစ်စတစ်စကြီးထွားလာခဲ့ပြီးနောက် တိုက်ပွဲများစတင်ဖော်ဆောင်လာခဲ့သည်ကို တွေ့ရှိရသည်။ အထူးသဖြင့် AA လက်နက်ကိုင်တပ်ဖွဲ့ အင်အားကြီးမားလာသည့် အဓိကအခြေခံ အကြောင်းတရားသည် ၎င်းတို့အဖွဲ့အနေဖြင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုတစ်ရပ်လုံးအား ကိုယ်စားပြုသည်ဟုဆိုကာ လူမျိုးရေးအရ ဝါဒမှိုင်းသွတ်သွင်းခြင်းပင်ဖြစ်သည်။ အဆိုပါလုပ်ရပ်များကြောင့်ပင် တိုင်းရင်းသားပေါင်းစုံနေထိုင်သည့် ပြည်ထောင်စုကြီးအတွင်း၌ လူမျိုးစွဲ၊ ဒေသစွဲရှိသည့် စိတ်ဓာတ်များ ရှင်သန်ကြီးထွားလာပြီးနောက် ဒေသတွင်းနေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများကြားတွင် လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခများ ပိုမိုပြင်းထန်လာခဲ့သည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၉ သို့ ➤



AA လက်နက်ကိုင်တပ်ဖွဲ့ပါဝင်ပတ်သက်သော ငွေကျပ်ဘီလီယံ ၅၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးများကို ရန်ကုန်မြို့၌ စီချိန်တင်ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဆိပ်ကမ်းရှိ "အမ်ဗွီ-စိန်ပြည့်မင်း" ကုန်တင်သင်္ဘောပေါ်မှ AA လက်နက်ကိုင်အဖွဲ့၏ ကျပ်တစ်ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ ဓာတ်ပုံမှတ်တမ်း။

➤ စာမျက်နှာ ၈ မှအဆက်

ထို့ပြင် ဆာဆာကာဝါ၏ ကြားဝင်စေ့စပ်ပေးမှုမှတစ်ဆင့် ယာယီအပစ်အခတ်ရပ်စဲထားနိုင်ခဲ့သည့် ရခိုင်ပြည်နယ်သည် AA လက်နက်ကိုင်တပ်ဖွဲ့များ၏ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ပလက်ဝဒေသရှိ လုံခြုံရေးစခန်းငယ်နှစ်ခုနှင့် ပေါက်တောမြို့ကို ဝင်ရောက်တိုက်ခိုက်ခြင်း၊ အင်အားနည်းသည့် ရဲစခန်းအချို့ကိုလည်း သာလွန်အင်အားများဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် တစ်ကျော့ပြန် တိုက်ပွဲများဖြစ်ပေါ်လာခဲ့သည်။ AA လက်နက်ကိုင်တို့သည် အင်အားနည်းသည့် ရဲစခန်းများကို တိုက်ခိုက်ခြင်းများအပြင် ရခိုင်ပြည်နယ်တောင်ပိုင်းရှိ အချို့ဒေသများတွင်လည်း ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် လမ်းပြင်လုပ်သားယာဉ်မောင်းများကို ဖမ်းဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ AA လက်နက်ကိုင်တပ်ဖွဲ့များ၏ အဆိုပါလုပ်ဆောင်ချက်များသည် ရခိုင်ပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်းရပ်တန့်စေခဲ့သည်။

ရခိုင်ပြည်နယ်သည် ရခိုင်ရိုးမတောင်တန်းနှင့် ဘင်္ဂလားပင်လယ်အော်ကြားတွင် တည်ရှိသော ကမ်းမြောင်ဒေသတစ်ခုဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော ဒေသတစ်ခုလည်းဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်မှုသည် ရခိုင်ပြည်နယ်၏ အဓိကအားသာချက်ဖြစ်သော်လည်း သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သော မုန်တိုင်းများ တိုက်ခတ်မှုဒဏ်ကိုလည်း မကြာခဏ ကြုံတွေ့ခံစားရသော ဒေသတစ်ခုလည်းဖြစ်သည်။ ရခိုင်ပြည်နယ်သည် ထိုသို့ သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရသည့် ဒေသတစ်ခုဖြစ်သည့်အပြင် လူလုပ်ဘေးအန္တရာယ်ဖြစ်သော အကြမ်းဖက်စစ်မီးကိုလည်း AA လက်နက်ကိုင်တပ်ဖွဲ့များမှ စတင်ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်မီးတောက်လောင်မှုသည် ရခိုင်ပြည်နယ်တစ်ပြည်နယ်လုံးအား အချိန်တိုအတွင်း လျင်မြန်စွာကူးစက်တောက်လောင်ခဲ့သည်။ အကြမ်းဖက်မှုများကြောင့် မြို့၊ ရွာများ ပျက်စီးမှုနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ စားသောက်ကုန်များ ပြတ်လပ်ရှားပါးခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ရပ်တန့်ခြင်းနှင့် ကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်ခြင်းစသည့် နောက်ဆက်တွဲအကျိုးဆက်များ တွေ့ကြုံခဲ့ရသည်ကို တွေ့ရှိနိုင်ပေသည်။ ထို့ပြင် အဆိုပါ အကြမ်းဖက်တိုက်ခိုက်သော တိုက်ပွဲများသည် ဒေသတွင်းပြည်သူများအပေါ်တွင်သာ အကျိုးသက်ရောက်မှုရှိစေသည်သာမက ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းအမွေအနှစ်များလည်း ပျက်စီးမှုများ ဖြစ်ပေါ်နိုင်သည်ကို သတိပြုရမည်လည်းဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်းအမွေအနှစ်များသည် ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားခဲ့မှု၏ ပြယုဂ်တစ်ခုလည်းဖြစ်သည့်အပြင် သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း ဟုဆိုသည့်အတိုင်း များလှစွာသော ရှေးဟောင်းစေတီပုထိုးများသည် ရှေးဘိုးဘွားများထားရှိခဲ့သည့် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်သည့်အတွက် တိုက်ပွဲဖြစ်ပွားခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပါက များစွာထိခိုက်ဆုံးရှုံးမှုဖြစ်စေနိုင်သည်ကို ဆင်ခြင်သုံးသပ်ရမည်လည်းဖြစ်သည်။

**မိုခါမုန်တိုင်းတွင် လက်ရှောင်နေခဲ့သည့် AA လက်နက်ကိုင်တပ်ဖွဲ့များ**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် မြန်မာနိုင်ငံအား မုန်တိုင်းစတင်ဝင်ရောက်ချိန်မှ မုန်တိုင်းထွက်ခွာသွားချိန်အထိ နာရီပေါင်း ၃၀ ဝန်းကျင်တိုက်ခတ်ခဲ့ပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်အား ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်စေခဲ့သည်။ မေလ ၁၅ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသများသို့ရောက်ရှိပြီး ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားအားလုံးတို့၏ စားဝတ်နေရေးနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် တာဝန်ရှိဝန်ကြီးဌာနတို့အနေဖြင့် အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရေး လမ်းညွှန်မှုပြုခဲ့သည်ကိုတွေ့ရှိရသည်။ ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်းမြန်ဆန်ပြီးစီးနိုင်ရေးအတွက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများပါဝင်သော ဦးစီးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လိုအပ်သော စားသောက်ကုန်များ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းပြင်ဆင်ရေးပစ္စည်းများ၊ စားသုံးဆီနှင့် စက်သုံးဆီများပါဝင်သော ကူညီကယ်ဆယ်ရေး ရေယာဉ်များ စေလွှတ်နိုင်ရေး ဆောင်ရွက်ခဲ့ကြသည်။

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မူလတန်းကျောင်း ၅၉၆ လုံး၊ အလယ်တန်းကျောင်း ၆၄၇ လုံး၊ အထက်တန်းကျောင်း ၂၉၅ လုံး၊ အဆင့်မြင့်ပညာသင်ကျောင်း ၉ လုံးအထိ ပျက်စီးမှုဖြစ်ပွားခဲ့သည့်အပြင် ဆေးရုံဆေးခန်းများနှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အဦပေါင်း ၅၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့သည်ကို တွေ့ရှိရသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေးအတွက် တပ်မတော်(ရေ)မှ ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ကို သံတွဲ၊ မာန်အောင်နှင့်ကျောက်ဖြူမြို့တို့သို့စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်ရေးဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် စစ်တွေမြို့ပေါ်ရှိ မီတာ ၆၀ အမြင့်ရှိသော ရုပ်သံထပ်ဆင့်လွှင့်စက် တာဝါတိုင်ပြိုကျခဲ့ရပြီး ဆက်သွယ်မှုများပြတ်တောက်ခဲ့ရသည်။ ရခိုင်ပြည်နယ်တွင် ဆက်သွယ်ရေးအော်ပရေတာ ၄ ခု၏ မိုဘိုင်းစခန်း ၁၂၃၃ ခုရှိသည့်အနက် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုဘိုင်းစခန်း ၉၀၄ ခုဆက်သွယ်မှုပြတ်တောက်ခဲ့သည့်အပြင် မဟာဓာတ်အားလိုင်း ပို့လွှတ်ဆောင်ရွက်သည့် တာဝါတိုင်နှင့် ကွန်ကရစ်တိုင် ၂၆၃၆ တိုင်ရှိသည့်အနက် တာဝါတိုင် ၅၂ တိုင်နှင့် ကွန်ကရစ်တိုင် ၄၂၈ တိုင်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။ ထိုသို့ အဘက်ဘက်မှ ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့် ရခိုင်ပြည်နယ်အား အစိုးရ၊ ဌာနဆိုင်ရာအလိုက် ကျွမ်းကျင်ပညာရှင်များ၊ မီးသတ်တပ်ဖွဲ့၊ ပရဟိတကူညီကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်မှ ကြိုတင်စုဖွဲ့ထားသော ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဆေးကုသရေးအဖွဲ့များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သင်တန်းကျောင်းမှ သင်တန်းသားတို့၏ စုပေါင်းဆောင်ရွက်မှုကြောင့် မြို့တွင်းလျှပ်စစ်မီးဖြန့်ဖြူးရေးလိုင်းများသည် ဇွန်လ ၁၃ ရက်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့သည်ကိုတွေ့ရှိရသည်။

မိုခါကြောင့် ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိ သာသနိကအဆောက်အအုံ အများအပြားပျက်စီးမှုရှိခဲ့ပြီး ကျောင်းပေါင်း ၁၅၁၀၊ စေတီပေါင်း အဆူ ၂၃၀၊ သိမ်အလုံး ၆၄၀၊ ကျောင်းဆောင် ၁၇၈၇ ဆောင်၊ ဓမ္မာရုံ ၈၃၈ လုံး၊ ဆွမ်းစားဆောင် ၄၅၈ လုံး၊ ကုဋီ ၁၀၂၆ လုံးတို့ ချို့ယွင်းပျက်စီးခဲ့သည်ကို တွေ့ရှိရသည်။ အဆိုပါ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပအလှူရှင်တို့၏ထောက်ပံ့မှုများ၊ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေများကို အသုံးပြု၍ တပ်မတော်(ရေ)မှ တပ်ဖွဲ့တင်ရေယာဉ်(ချင်းတွင်း)၊ စစ်ရေယာဉ်(မုတ္တမ)၊ စစ်ရေယာဉ်(ပြည်တော်အေး-၂)၊ ကမ်းထိုးရေယာဉ် (၁၇၁၁)၊ (၁၇၂၂)၊ တင့်ကားတင်ကမ်းထိုးယာဉ် (၁၆၁၃)၊ (၁၆၁၄)နှင့်တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးလေယာဉ်များ အသုံးပြု၍ အစိုးရ၊ ပြည်သူနှင့်တပ်မတော် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း AA လက်နက်ကိုင်တပ်ဖွဲ့အနေဖြင့် မိမိလူမျိုးနေထိုင်ရာဒေသ၏ ပြန်လည်ထူထောင်ရေး၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လက်ရှောင်နေခဲ့သည်ကို တွေ့ရှိနိုင်သည်။ မိုခါမုန်တိုင်းကြောင့်ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည့် ရခိုင်ပြည်နယ်အား AA လက်နက်ကိုင်တပ်ဖွဲ့အနေဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ကူညီခြင်းမရှိရုံသာမက ပြန်လည်ထူထောင်ရေးလုပ်ငန်းများပြီးစီး၍ စီးပွားရေးပြန်လည်နာလန်ထူတော့မည့်အချိန်တွင် စစ်မီးတစ်ဖန်မွှေးခဲ့ကြခြင်းလည်းဖြစ်သည်။



မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ဒေသခံနေအိမ်များကို နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးဆောင်ရွက်ခဲ့သည့် ဓာတ်ပုံမှတ်တမ်း။

**မူးယစ်ဆေးဝါးမှောင်ခိုလုပ်ငန်း၊ တရားမဝင်လူသစ်စုခြင်းနှင့် AA လက်နက်ကိုင်တို့၏ ခွဲထွက်ရေးအိပ်မက်**

ရခိုင်ပြည်နယ်အတွင်း အခြေချတပ်စွဲလျက်ရှိသည့် AA လက်နက်ကိုင်တပ်ဖွဲ့တို့၏ အဓိကဝင်ငွေရလမ်းတစ်ခုမှာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုနှင့် အခကြေးငွေများရယူ၍ ဘင်္ဂါလီလူမျိုးများအား အခြားနိုင်ငံများသို့ ပို့ဆောင်ပေးနေခြင်းပင်ဖြစ်သည်။ အထူးသဖြင့် AA အကြမ်းဖက်တပ်ဖွဲ့ဝင်များအနေဖြင့် မျိုးဆက်သစ်လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်စုလုံးကို အန္တရာယ်ဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါးကို ရခိုင်ပြည်နယ်နှင့် နိုင်ငံတကာသို့ ရောင်းဝယ်ဖြန့်ဖြူးနေသည့်လုပ်ငန်းအား တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်းတို့အကြမ်းဖက်အဖွဲ့မှ လူ၊ လက်နက်၊ ရိက္ခာနှင့် စက်သုံးဆီများ ဝယ်ယူဖြည့်တင်းနိုင်ရေးနှင့် ၎င်းတို့၏အကျိုးစီးပွားများအတွက် တရားမဝင် ဘင်္ဂါလီခိုးဝင်မှုများကိုလည်း ဥပဒေနှင့်မညီဘဲ အခကြေးငွေရယူကာ ဆောင်ရွက်လာကြောင်း တွေ့ရှိရသည်။ ၂၀၂၄ ခုနှစ် မတ်လ ၁၄ ရက်တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင်ကျင်းပခဲ့သော မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အစည်းအဝေး(၁/၂၀၂၄)တွင် AA အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းအနေဖြင့် ပြည်မကိုဖြတ်၍ မူးယစ်ဆေးဝါး သယ်ဆောင်သည့်လုပ်ငန်းတွင် ပါဝင်ပတ်သက်မှုရှိနေပြီး ရှစ်ကြိမ်ခန့်ဖမ်းဆီးဆောင်ရွက်နိုင်ခဲ့ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် AA လက်နက်ကိုင်တပ်ဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ရခိုင်တိုင်းရင်းသားလူမျိုးများသာမက ချင်းပြည်နယ် ပလက်ဝဒေသရှိ ချင်းတိုင်းရင်းသားများကိုပါ တရားမဝင်အတင်းအကျပ်တပ်သားသစ်စုဆောင်းခြင်းများကိုလည်း ဆောင်ရွက်နေခဲ့သည်ကို တွေ့ရှိရသည်။ AA လက်နက်ကိုင်အဖွဲ့သည် ဒေသခံတိုင်းရင်းသားများကို အတင်းအကျပ်စစ်သင်တန်းတက်ရောက်စေခြင်း၊ မတက်ရောက်လိုပါက ငွေကြေးတောင်းခံခြင်းနှင့် ၎င်းတို့၏ စားနပ်ရိက္ခာအတွက် စိုက်ပျိုးထားသည့် ဆန်စပါးများ ပေးဆောင်စေခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမပြုသည့် ဒေသခံများကို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဘင်္ဂါလီကျေးရွာများသို့ ဝင်ရောက်၍ တပ်သားသစ်အဖြစ် ဖမ်းဆီးခေါ်ဆောင်ခြင်းများအပြင် အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် မတ်လ ၄ ရက်တွင် ဘူးသီးတောင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို AA အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘင်္ဂါလီ ၄ ဦး သေဆုံးခဲ့သည့်အပြင် ဧပြီလ ၂၂ ရက်တွင်လည်းသရက်အုပ်ကျေးရွာအုပ်စု အဘူဂျာကျေးရွာရှိ ဘင်္ဂါလီ ၅ ဦးသည်လည်း AA လက်နက်ကိုင်တပ်ဖွဲ့၏ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း တွေ့ရှိရသည်။

ထိုသို့ တရားမဝင်မူးယစ်ဆေးဝါးများသယ်ဆောင်ရောင်းဝယ်ခြင်း၊ ခိုးဝင်ဘင်္ဂါလီများအား အခကြေးငွေရယူ၍ အခြားဒေသများသို့ ပို့ဆောင်ခြင်း၊ ဒေသတွင်း တိုင်းရင်းသားများအပေါ် အတင်းအဓမ္မတပ်သားသစ်စုဆောင်းခြင်းနှင့် ရခိုင်ပြည်နယ်တွင် တစ်ကျော့ပြန် စစ်ပွဲများဖော်ဆောင်ခြင်းတို့သည် ထွန်းမြတ်နိုင်ပြောကြားခဲ့သည့် "Arakan Dream 2020" ဖြစ်ပြီး ရခိုင်ပြည်နယ်အား လွတ်မြောက်နယ်မြေဒေသအဖြစ် ကြေညာနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

**နိဂုံး**

၁၀၂၇ ရှမ်းမြောက်စစ်ဆင်ရေးနှင့်အတူ မြောက်ပိုင်းမဟာမိတ်အဖွဲ့တွင် AA လက်နက်ကိုင်တပ်ဖွဲ့သည်လည်း ပါဝင်တိုက်ခိုက်ခဲ့ပြီးနောက် စစ်ရေးအောင်မြင်မှုများရရှိခဲ့သည်ကိုအကြောင်းပြု၍ ရခိုင်ပြည်နယ်အား လွတ်မြောက်ဒေသတစ်ခုအဖြစ် ပြည်ထောင်စုမှခွဲထွက်နိုင်ခွင့်ရရှိရေးအတွက် တိုက်ပွဲများဖော်ဆောင်နေခြင်းဖြစ်သည်ဟု သုံးသပ်ရသည်။ မျိုးချစ်စိတ်အားအခြေခံ၍ လူမျိုးရေးမုန်းတီးစိတ်များ ထွန်းကားလာစေရေး တွန်းအားပေးခြင်းကို အခြေခံဆောင်ရွက်ခြင်းဖြင့် ရခိုင်ပြည်နယ်အား AA လက်နက်ကိုင် အင်အားစုလက်အတွင်းသို့ အလုံးစုံကျရောက်စေရေးအတွက် စစ်ပွဲများဖော်ဆောင်၍ ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာ၌လည်း လူသားမျိုးနွယ်တစ်စုလုံးဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မူးယစ်ဆေးဝါးများ သယ်ဆောင်သည့်လုပ်ငန်းများအပြင် ဘာသာရေးအရခြားနားမှုရှိပြီး အပြန်အလှန်သတ်ဖြတ်မှုနှင့် ပြင်းထန်သော လူမျိုးရေးပဋိပက္ခများဖြစ်ခဲ့ဖူးသည့် ဘင်္ဂါလီလူမျိုးများအပေါ်တွင်လည်း အတင်းအကျပ်စစ်မှုထမ်းစေခြင်းနှင့် သတ်ဖြတ်မှုများကို ပေါ်ပေါ်ထင်ထင်ပင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ယနေ့ဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်ရှိ စစ်မီးတောက်လောင်မှုသည် မိုခါမုန်တိုင်းဒဏ်သင့်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများစတင်ရန် ကြိုးပမ်းနေသည့် ပြည်သူလူထု၏ ဘဝလုံခြုံရေးကဏ္ဍများကို လျစ်လျူရှု၍တစ်ဦးတစ်ယောက်ကောင်းစားရေးဖြစ်သော ရခိုင်နိုင်ငံထူထောင်လိုမှု၊ ပြည်ထောင်စုမှခွဲထွက်လိုသော ဆန္ဒတို့ကိုရှေ့တန်းတင်သည့် ထွန်းမြတ်နိုင်ခေါင်းဆောင်သော AA အဖွဲ့၏ဆောင်ရွက်ချက်သည်သာ အဓိကအကြောင်းတရားဖြစ်ကြောင်း မီးမောင်းထိုးရေးသားတင်ပြလိုက်ရပါသည်။ ။

ရန်ကုန်  မေ  ၃၀

# စာပေဗိမာန်စာကြည့်တိုက်နှင့်စာပေဗိမာန်စာအုပ်ဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အရာထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာကြည့်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အရာထမ်းများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ စာပေဗိမာန်စာကြည့်တိုက်တွင် ပြည်သူများစာအုပ်စာပေဖတ်ရှုနေမှုကိုကြည့်ရှုပြီး စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် စာအုပ်အမျိုးအစားပေါင်း ၁၁၆ မျိုး၊ စာအုပ်ပေါင်း ၄၇၀၀၀ ရောင်းချနေမှုနှင့် စာပေချစ်ပြည်သူများ စာအုပ်စာပေလေ့လာဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် စာပေဗိမာန်ရုံးအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာအုပ်စာပေယဉ်ကျေးမှုသည် နိုင်ငံအတွက် အရေးပါပြီး စာပေမြင့်မှလူမျိုးတင့်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေကိုလေးစားမြတ်နိုးပြီး စာပေပညာရှင်များကို အထူးတန်ဖိုးထား အားပေးလျက်ရှိကာ စာပေကဏ္ဍဖွံ့ဖြိုးရေးတွင် တစိုက်မတ်မတ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာပေဗိမာန်စာကြည့်တိုက်တွင် လာရောက်ဖတ်ရှုကြသည့် ပြည်သူများအပြင် ကျောင်းသား၊ ကျောင်းသူများ ပိုမိုလာရောက်ဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်မှုကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့်



စာဖတ်ရှိန်မြှင့်မားရေးလုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လူငယ်များ စာပေပိုမိုဖတ်ရှုကြရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကို အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စာပေပညာရှင်များ၊ ပြည်သူများ လာရောက်လေ့လာနိုင်မည့်နေရာတစ်ခု၊ စာပေဆွေးနွေးပွဲများနှင့် စာပေချစ်သူများအေးချမ်းစွာနားခိုပြီး စာပေဖတ်ရှုနိုင်မည့်နေရာတစ်ခုအဖြစ် အပြင်ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ လာရောက်လေ့လာအပန်းဖြေနိုင်သည့်နေရာတစ်ခုအဖြစ် စာပေဗိမာန်တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိပြီး မကြာမီအကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဌာန၏အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့၏စွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး ဌာန၏လုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ စာပေဗိမာန်ရှိ ဌာနစိတ်တာဝန်ခံများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော်  မေ  ၃၀

# စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏သားသမီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



စက်မှုဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့်ဝန်ထမ်းများ၏သားသမီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူ ၆၂၄ ဦးရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိလျက် ထူးချွန်ထက်မြက်ပြီး တိုင်းပြည်မှ အားကိုးလေးစားပြုရမည့် သားကောင်း၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့်ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ရာ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူကိုယ်စားလှယ်များက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

နေပြည်တော်  မေ  ၃၀

# (၅၂)ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ)ဒါရိုက်တာအဖွဲ့အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ကျင်းပသည့် (၅၂)ကြိမ်မြောက် အာရှဗဟိုဘဏ်များငွေစာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးသို့ အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘူတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီရန်နိုင်ငံ၊ မြန်မာနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မော်လဒိုက်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုနှင့် အလားအလာများ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အေစီယူ၏ဆောင်ရွက်ချက်များနှင့် တိုးတက်အောင်မြင်မှုများ၊ အေစီယူကျွမ်းကျင်မှုကော်မတီမှ လေ့လာတင်ပြသော ငွေပေးချေမှုစနစ်များ အချင်းချင်းချိတ်ဆက်ပေါင်းစည်းခြင်းဖြင့် အေစီယူငွေပေးချေမှုစနစ်အပေါ် သက်ရောက်မှုအခြေအနေများ၊ အေစီယူငွေပေးချေမှုစနစ်တွင် ဒေသတွင်းငွေကြေးများ ပိုမိုအသုံးပြုနိုင်ရေးကိစ္စရပ်များ၊ အေစီယူဗဟိုဘဏ်ဒစ်ဂျစ်တယ်ငွေကြေး အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ အေစီယူမက်ဆေ့ပေးပို့သည့်စနစ် အကောင်အထည်ဖော်ရေးကိစ္စရပ်များနှင့် အေစီယူစနစ် ပိုမိုအားကောင်းခိုင်မာလာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် လာမည့် ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် (၅၃)ကြိမ်မြောက် အေစီယူဒါရိုက်တာအဖွဲ့အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရန်အတွက် ၂၀၂၅ ခုနှစ်၏ အေစီယူဒါရိုက်တာအဖွဲ့အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက လွှဲပြောင်းလက်ခံရယူခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**






| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆° C | / | ၃၄.၇° C |
| ရန်ကုန် | ၂၆° C | / | ၃၅.၅° C |
| မန္တလေး | ၂၈° C | / | ၃၉.၈° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် မေ ၂၀

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများပပျောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**



နေပြည်တော် မေ ၂၀

# သက်တမ်းရင့်ရေနံမြေများတွင် အထွက်တိုးစေရန်အတွက် ပေနက်တွင်းများအောင်မြင်စွာ တူးဖော်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ



သက်တမ်းရင့်ရေနံမြေများတွင် အထွက်တိုးစေရန်အတွက် ပေနက်တွင်းများ အောင်မြင်စွာတူးဖော်နိုင်ရေး နည်းပညာပိုင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲနှင့် ရေနံမြေဒေသအသီးသီး၏ လုပ်ငန်းတိုးတက်မှု အခြေအနေများ သုံးသပ်ဆွေးနွေးခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့်စွမ်းအင်လုံခြုံရေးကို စီမံဆောင်ရွက်လျက်ရှိရာ သက်တမ်းရင့်ရေနံမြေများတွင် ပေနက်တွင်းများတူးဖော်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရယူရခြင်းသည် အစိတ်အပိုင်းတစ်ရပ်အနေဖြင့်ပါဝင်ပါကြောင်း၊ ရေနံထုတ်လုပ်မှုသမိုင်းကြောင်းတွင် မြေအောက်၌ နက်ရှိုင်းစွာတည်ရှိနေသည့်အလားအလာကောင်းသော ဟိုက်ဒရိုကာဗွန်ပါဝင်သည့်သဲကြောများသို့ ရောက်ရှိသည်အထိ အောင်မြင်စွာတူးဖော်နိုင်ခြင်းမရှိသည့်အတွက် ထုတ်လုပ်နိုင်ခဲ့ခြင်းမရှိခဲ့သည်ကိုတွေ့ရှိရပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြီးမြောက်အောင်တူးဖော်မည့် တွင်းသစ် ၂ တွင်းသည် ရေနံထွက်ရှိရန် အတည်ပြုထားပြီးဖြစ်သည့် ပေနက်သဲကြောဖြစ်၍ ရည်မှန်းချက်အနက်ထိ ရောက်ရှိအောင်တူးဖော်ပြီး သမိုင်းမှတ်တိုင်သစ်စိုက်ထူရန် ကြိုးစားကြစေလိုကြောင်း၊ တူးဖော်မည့်တွင်းသစ် ၂ တွင်းကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်တိုင်တူးဖော်၍ MPRL E&P Company မှ နည်းပညာနှင့်အတွေ့အကြုံများ မျှဝေကူညီပေးမည်ဖြစ်၍ မြန်မာနိုင်ငံသားများကိုယ်တိုင် ကြိုးစားဆောင်ရွက်ကြမည်ဖြစ်ရာ လုပ်ငန်းအပေါ်တွင် တန်ဖိုးထားဂုဏ်ယူသည့်စိတ်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် MPRL E&P Company နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက ပေနက်တွင်းများတူးဖော်ခြင်းနှင့်စပ်လျဉ်း၍ နည်းပညာများနှင့် အတွေ့အကြုံများအား တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသူများက တူးဖော်မည့်ပေနက်တွင်းများအတွက် ပြုလုပ်ထားသည့် Design၊ တွေ့ကြုံရနိုင်သည့်အခက်အခဲများနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အစီအစဉ် ဒုတိယပိုင်းအနေဖြင့် ရေနံမြေအသီးသီးမှ အထွေထွေမန်နေဂျာများက လက်ရှိထုတ်လုပ်နေမှုနှင့် တိုးတက်ထုတ်လုပ်ရန် သုတေသနပြုအောင်မြင်မှုများကို တင်ပြခြင်း၊ နည်းပညာအသုံးပြု၍ဆောင်ရွက်နေမှုများကိုတင်ပြခြင်း၊ လုပ်ငန်းအတွေ့အကြုံများ မျှဝေခြင်း၊ ဆောင်ရွက်သွားမည့်အစီအမံများနှင့် အခက်အခဲများတင်ပြခြင်းများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းများ၊ MPRL E&P Company မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၂၀

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာတပ်နယ်အသီးသီးရှိ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(၁၀၀)**



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးတင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများပေးအပ်စဉ်။

# ပြည်ပဝင်ငွေတိုးတက်စေမည့် ဆီထွက်သီးနှံ "နှမ်း"





ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ပဲ၊ ငရုတ်၊ ကြက်သွန်သည် လူတို့၏နေ့စဉ်ဘဝတွင် မရှိမဖြစ်အခြေခံစားကုန်များဖြစ်သည်။ နေ့စဉ်စားသုံးသော မြန်မာဟင်းလျာများတွင် ဆီသည်မပါမဖြစ်အရာဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်က "ဆီရွှဲဖွဲတောင်ဟင်းဖြစ်"ဟုပင် တင်စားခေါ်ဝေါ်ကြသည်အထိ ဆီကိုနှစ်ခြိုက်စွာသုံးစွဲခဲ့ကြသည်။ မြန်မာလူမျိုးများအနေဖြင့် ဟင်းချက်ရာတွင်အသုံးများသောဆီများမှာ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားအုန်းဆီနှင့် ပဲပုပ်ဆီတို့ပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏လူဦးရေတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းဆီထုတ်လုပ်မှုသည် လိုအပ်ချက်များစွာရှိလာသည့်အတွက် ပြည်ပမှဆီတင်သွင်းမှုများရှိလာခဲ့သည်။ ထိုသို့ ပြည်ပမှဆီတင်သွင်းမှုကိုလျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ တိုးမြှင့်ဆောင်ရွက်

**ပြည်ပမှဆီတင်သွင်းမှုကိုလျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်သည်။ တိုးမြှင့်ဆောင်ရွက်ရာတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်ဝသည်အထိ အောင်မြင်စွာနည်းမှန်လမ်းမှန်စိုက်ပျိုးရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများစွာရှိသည့်အနက် နှမ်းသီးနှံသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် အဆင့်မြင့်ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ နှမ်းသီးနှံမှ ထုတ်လုပ်နိုင်သောတန်ဖိုးမြှင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေးစသည်တို့ဖြစ်သည်။**

ရာတွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ပန်းတိုင်ရည်မှန်းချက်ပြည့်ဝသည်အထိ အောင်မြင်စွာနည်းမှန်လမ်းမှန်စိုက်ပျိုးရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများစွာရှိသည့်အနက် နှမ်းသီးနှံသည်လည်း ပြည်ပသို့တင်ပို့နိုင်သည့် အဆင့်မြင့်ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ နှမ်းသီးနှံမှ ထုတ်လုပ်နိုင်သောတန်ဖိုးမြှင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေးစသည်တို့ဖြစ်သည်။ နှမ်းသီးနှံ၏မူရင်းဒေသမှာ အာရှတိုက်နှင့်အာဖရိကတိုက်အပူပိုင်းနှင့်အပူလျော့ပိုင်းဒေသများတွင် စတင်စိုက်ပျိုးသည်။ မြန်မာနိုင်ငံတွင် နှမ်းသီးနှံကို ရှေးမြန်မာမင်းများလက်ထက် ပုဂံခေတ်နောက်ပိုင်းကာလများတွင် စတင်စိုက်ပျိုးသည်။ နှမ်းဆီကို ဟင်းချက်ရာတွင်လည်းကောင်း၊ ဆေးအဖြစ်လည်းကောင်း၊ ဆီမီးပူဇော်ရန်အတွက်လည်းကောင်း၊ မုန့်မျိုးစုံပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြသည်။ နှမ်းနက်သည် ပြည်ပသို့တင်ပို့ရန်အတွက် အထောက်အကူပြုသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်သည်။

နှမ်းကိုအဓိကထားစိုက်ပျိုးသောနိုင်ငံမှာ တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ တူကီယဲ၊ ရုရှား၊ ဘရာဇီး၊ အာဂျင်တီးနားနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် နှမ်းကိုဆီထွက်သီးနှံအဖြစ် စိုက်ပျိုးကြပြီး အထက်မြန်မာပြည်တွင် မကွေး၊ မြင်းခြံ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မြန်မာပြည်အောက်ပိုင်းဒေသတို့တွင်လည်း အမြောက်အမြားစိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် နှမ်းနက်မျိုးကို အဓိကထားစိုက်ပျိုးကြသည်။ နှမ်း၏အရောင်မှာ မျိုးကိုလိုက်၍ အနက်၊ အဖြူ၊ အညို၊ အနီနှင့်အဝါဟူ၍ ကွဲပြားသည်။ အနံ့မှာထူးခြားစွာမွှေးကြိုင်ပြီး အရသာမှာ အနည်းငယ်ခါးသက်သော အရသာရှိသည်။ အစေ့မှာ သေးငယ်၍ပြားပြီး ဘဲဥပုံသဏ္ဌာန်ရှိကာ အချင်း ၁ ဒသမ ၅ စင်တီမီတာခန့်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးသောနှမ်းကို စိုက်ပျိုးရာသီအရ မိုးနှမ်းကို နှမ်းလျင်နှင့် ဆောင်းနှမ်းကို နှမ်းကြီးဟူ၍ နှစ်မျိုးရှိသည်။ နှမ်းပင်၏အမြင့်မှာ ၃ ပေခွဲမှ ၄ ပေခွဲအထိသာမြင့်ပြီး နှမ်းလျင်မှာ နှမ်းကြီးထက် အသက်ငယ်ပြီး နှမ်းလျင်၏အသက်မှာ ရက်ပေါင်း ၇၀ မှ ၁၀၀ အထိရှိပြီး နှမ်းကြီး၏အသက်မှာ ၁၂၀ ကျော်ရှိသည်။ နှမ်းသီးနှံတစ်တင်းလျှင် ၅၄ ပေါင်ရှိပြီး ဆီကြိတ်လျှင် ခြောက်ပိဿာခန့်ထွက်ရှိသည်။ နှမ်းစေ့ကိုအခွံချွတ်၍ ဆီကြိတ်လျှင် ဆီအရောင်ပိုကြည်၍ ခါးသက်သောအရသာလျော့သွားသည်။ နှမ်းဆီကြိတ်ဖတ်များကို တိရစ္ဆာန်အစားအစာအဖြစ်လည်းကောင်း၊ သဘာဝမြေဩဇာများအဖြစ်လည်းကောင်း အသုံးပြုကြသည်။

နှမ်းသီးနှံတစ်ဧကလျှင် တင်း ၂၀ ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် အထောက်အကူပြုပေးနိုင်သည့် အောက်ဖော်ပြပါနှမ်းသီးနှံစိုက်ပျိုးနည်းစနစ်များအတိုင်း ဆောင်ရွက်သွားရန်တိုက်တွန်းလိုသည်။

**စိုက်ပျိုးမြေ**

စိုက်ပျိုးသည့်မြေသည် ဓာတုနှင့် ဇီဝဆိုင်ရာအန္တရာယ်ကင်းသည့် မြေဖြစ်ရမည်။ မြေနေရာရွေးချယ်မည်ဆိုလျှင် နှမ်းသည်လုံလောက်သောရေအစိုဓာတ်ထိန်းထားနိုင်ရန်အတွက် ရေမဝပ်သောနုန်းမြေ သို့မဟုတ် သဲနုန်းမြေ သို့မဟုတ် နုန်းစနယ်မြေ သို့မဟုတ် မြေနီသဲဝန်းမြေများနှင့် ရေသွင်းရေထုတ်ကောင်းမွန်သော မြေဖြစ်ရန်လိုသည်။ နှမ်းသည် ရေစီးရေလာကောင်းပြီး မြေဩဇာထက်သန်သောမြေမျိုး၊ မစေးလွန်း၊ မဖွယ်လွန်းသောမြေမျိုးနှင့် မချဉ်လွန်း၊ မငန်လွန်းသောမြေမျိုးကို နှစ်သက်သည်။ အထူးသဖြင့် ပွရွှသောမြေများတွင် ကောင်းစွာဖြစ်ထွန်းသည်။ အစိုဓာတ်ထိန်းသိမ်းနိုင်၍ ရေမဝပ်သောမြေများကို ကြိုက်နှစ်သက်သည်။ မိုးရေနှင့် အစိုဓာတ်သင့်တင့်ပါက မြေမျိုးစုံ၌ စိုက်ပျိုးနိုင်သည်။

**မျိုးရွေးချယ်ခြင်း**

စျေးကွက်ရှိပြီး ရေမြေဒေသနှင့်ကိုက်ညီသော မိုးခေါင်ဒဏ်ခံနိုင်သော ပိုးမွှားနှင့်မျိုးစေ့အောင်ရောဂါကင်းစင်သောမျိုးကိုရွေးချယ်စိုက်ပျိုးရမည်။ လက်ရှိစိုက်ပျိုးလျက်ရှိသော နှမ်းမျိုးများမှာ ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုးကွဲပြားလျက်ရှိပြီး မျိုးကွဲလည်းများစွာရှိသည်။ အဓိကအားဖြင့် တောင်သူများသည် နှမ်းကို နှမ်းလျင်နှင့် နှမ်းကြီးဟူ၍ ခွဲခြားကြသည်။ နှမ်းလျင်မှာ မိုးကြိုစိုက်အဖြစ် ဖေဖော်ဝါရီလမှ မတ်လအတွင်း စိုက်ပျိုးနိုင်ပြီး မိုးစိုက်အဖြစ် မေလမှ ဇွန်လတွင် စိုက်ပျိုးနိုင်သည်။ လယ်သီးထပ်အဖြစ် အောက်တိုဘာလမှနိုဝင်ဘာလအတွင်း စိုက်ပျိုးနိုင်သည်။ အသက်ရက်မှာ ၇၅ ရက်မှ ရက် ၉၀ ခန့်ရှိသည်။ နှမ်းကြီးကို မိုးနှောင်းစိုက်အဖြစ် ဩဂုတ်လမှစက်တင်ဘာလအတွင်း စိုက်ပျိုးနိုင်သည်။ နေ့တာတိုပြန်မှုရှိသဖြင့် အခြားအချိန်တွင် စိုက်ပျိုးလေ့မရှိ။ အသက်ရက်အားဖြင့် ရက်ပေါင်း ၁၂၀ မှ ၁၃၅ ရက်ခန့်ရှိသည်။

**နှမ်းသီးနှံစိုက်ပျိုးခြင်း**

နှမ်းသီးနှံစိုက်ပျိုးရန်အတွက် ထယ်ရေးတစ်စပ်ဝင်ထားပြီးနောက် မိုးဦးကျလာသည်နှင့်တစ်ပြိုင်နက် မြေမှုန့်ညက်သည့်တိုင်အောင် ထွန်ရေးနက်နက်နှင့် ညက်ညောစွာပြုပြင်ပေးရသည်။ နှမ်းကိုစိုက်ပျိုးမည့်မြေတွင် သွင်းအားစုများနှင့် နွားချေးဆွေးထည့်ပေးရသည်။ နှမ်းသီးနှံစိုက်ပျိုးရာတွင် မျိုးစေ့ချသောနည်းမှာ စိုက်ကြောင်းဆွဲထားသော စိုက်ကြောင်းထဲသို့ မျိုးစေ့များချပြီး ကျမ်းတုံးရိုက်၍ မြေပြန်လည်ဖုံးပေးရသည်။ နှမ်းပင်စိုက်ပျိုးရာတွင် အပင်ပေါက်ညီညာစေရန် နှမ်းစေ့များကို သဲခြောက်လေးဆ သို့မဟုတ် ငါးဆနှင့် သမအောင်ရောနှော၍ လက်ကိုင်အရှည်တပ်ထားပြီး အပေါက်ဖောက်ထားသော ဘူး သို့မဟုတ် ခွက်ထဲသို့ထည့်ကာ ကြောင်းတစ်လျှောက်၌ မျိုးစေ့များချပေးနိုင်သည်။ နှမ်းတစ်ဧကစိုက်ပျိုးလျှင် မျိုးစေ့ နှစ်ပြည် သို့မဟုတ် သုံးပြည်ခန့် လိုအပ်သည်။ ၎င်းနောက် နှမ်းပင်များစိုက်ပျိုးပြီး ခြောက်ရက်အကြာတွင် အပင်ငယ်များပေါက်လာကြသည်။ ၁၆ ရက်အကြာတွင် လေးသွားထွန်ကို သုံး၍ ကန့်လန့်ဖြတ်တိုက်ဆွဲပြီး အပင်ငယ်များကို မှုန်းပေးရသည်။ အပင်များမှုန်းပြီး ငါးရက် သို့မဟုတ် ခြောက်ရက်အကြာတွင် ပေါင်းထိုး၊ မြေဆွခြင်းများ ပြုလုပ်ပေးရသည်။ နှမ်းပင်ထူထပ်သောနေရာများ၌ မသန်စွမ်းသောအပင်များကို နုတ်ပေးရသည်။ သို့မှသာ နှမ်းပင်များသန်စွမ်းလာမည်ဖြစ်ပြီး ကြားပေါင်းသုံးကြိမ်ခန့် လိုက်ပေးသောအခါ ပေါင်းမြက်များကင်းစင်မည်ဖြစ်ကြောင်း တောင်သူဦးကြီးများအား မျှဝေတင်ပြလိုက်ရသည်။

သို့ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင်အခြေခံဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းမှန်ကန်စွာ စိုက်ပျိုးမည်ဆိုပါက ပန်းတိုင်အထွက်နှုန်းတိုးတက်စေမည်ဖြစ်သည်။ ပန်းတိုင်အထွက်နှုန်းပြည့်မီစွာ ဆောင်ရွက်နိုင်မည်ဆိုပါက ဆီထွက်သီးနှံမှရရှိသည့် ဝင်ငွေများတိုးလာနိုင်ပြီး ပြည်တွင်းစားသုံးဆီသုံးစွဲမှုလည်း ဖူလုံလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့်လည်း ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် သက်ဆိုင်ရာဌာနများအလိုက် တောင်သူများအား ကူညီဆောင်ရွက်ပေးလျက်ရှိပေသည်။ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ဘရဏီကျော်**

နေပြည်တော် မေ ၃၀

# နေပြည်တော်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စံနူန်းမီစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စံနူန်းမီ စာကြည့်တိုက်များပေါ် ထွန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်အသစ်တည်ဆောက်ဖွင့်လှစ်ရန်နှင့်ပြုပြင်ရန် စာကြည့်တိုက်များကို နေပြည်တော်စာကြည့်တိုက်ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီနှင့် ခရိုင်/မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများက ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက ကြီးကြပ်မှုကော်မတီဖွဲ့စည်းဆောင်ရွက်မှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ အစည်းအဝေးသို့တက်ရောက်လာသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ စံနူန်းမီ စာကြည့်တိုက်များပေါ် ထွန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးစံနူန်းမီစာကြည့်တိုက်များ၊ စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြရာနေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စား စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီရုံး၌ကျင်းပသည့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများတိုးချဲ့ထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာလင်းနှင့်ဌာနဆိုင်ရာများက စက်မှုဇုန်အတွင်း လျှပ်စစ်ပိုင်းဆိုင်ရာများ၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကိုရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မင်းပြင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ဆောင်များ ပြင်ဆင်ထားမှုနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မင်းပြင်ကျေးရွာဘက်စုံသုံးခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဆီထွက်သီးနှံများတိုးချဲ့စိုက်ပျိုးပြီးပန်းတိုင်အထွက်နှုန်းပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်စွမ်းအားများတိုးတက်အောင် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ကျေးရွာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ၊ ဆီထွက်သီးနှံမျိုးစေ့များနှင့် ရတနာတန်းဝင်ကျွန်းပင်များကို ထောက်ပံ့ပေးအပ်ကြပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း ဆေးကုသမှုခံယူနေကြသည့်ပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံအားပေးစကားပြောကြားကာ ဆေးရုံအတွက် ထောက်ပံ့ငွေနှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ဒေသခံပြည်သူများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပန်းခူးပွဲ

*တို့ကျောင်းတော် ပညာနန်းမှာလ
ပညာပန်း ရောင်စုံဖြာ
ဖူးပွင့်ဝေဆာ။
မောင်မယ်တို့ မြူးရွှင်ကာ
ခူးဆင်ပါ နောင်အရေး။
ပန်ဆင်သူ ပညာပန်းရယ်နဲ့
နန်းဆန်လို့မွှေး။
*ပန်ဆင်ကွဲ့ ပန်ဆင်။
မြတ်ပညာ ပန်းမကိုင်ရှုရယ်က
နန်းထိုက်တော်ဝင်။
အသရေစန်းရယ်နဲ့
ဝေလန်းလို့ထာဝစဉ်
ယဉ်ပါပေ့ လှပါပေ့။
မြင်သူတကာ ပီတိလွှမ်းပါလို့
ချမ်းမြေ့တယ်လေ့။
*ပန်မယ်ဆို အခါမလင့်ပါဘု
အခါသင့် အခွင့်သာ
ပန်လိုက်ကြပါ။
လှမ်းလာကြ ပေါင်းဖော်သဟာ
ခေါင်းမော်ကာ တပျော်တပါး။
မြတ်ပညာ ပန်းခူးပွဲကို
နွဲကြစို့လား။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

ပဲခူး မေ ၃၀

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်းမိသားစု သားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဝန်ထမ်းမိသားစု သားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသားအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ ညနေပိုင်းက တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က တက္ကသိုလ်တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့်အတွင်းရေးမှူးတို့က အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူလတန်းကြို ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေနှင့် သင်ထောက်ကူပစ္စည်းများကိုလည်းကောင်းအသီးသီး ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်းမိသားစုများ၊ လုံခြုံရေးဝန်ထမ်းမိသားစုများမှ အဆင့်မြင့်ပညာ သင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦး၊ အထက်တန်းပညာသင်ကြားနေသူ ၂၀ ဦး၊ အလယ်တန်းပညာသင်ကြားနေသူ ၁၅ ဦး၊ မူလတန်းပညာသင်ကြားနေသူ ၅၁ ဦးနှင့် မူလတန်းကြိုပညာသင်ကြားနေသူ ၁၆ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၉ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ၁၃၄ ဒါဇင်၊ ဘောပင် ၄၂ ဘူး၊ ခဲတံဘူး ၆၇ ဘူးနှင့် ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။




**၄၀၁၊ တင်စိုး(ပဲခူး)**

☆ စာမျက်နှာ ၁၅ မှအဆက်

အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ မြို့သာယာလှပရေးအတွက် မည်ကဲ့သို့ကောင်းမွန်အောင်ဆောင်ရွက်မည်ကို Engineering Philosophy အရ ကြိုတင်စဉ်းစားတွေးခေါ် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ **ယခင်နှစ်များ၌ မိုးသည်းထန်စွာရွာသွန်းစဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့နှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့သို့ ကိုယ်တိုင်သွားရောက်၍ လိုအပ်သည့် လမ်းညွှန်မှုများဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ရေကြီးရေလျှံမှုများလျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် ပြင်ဦးလွင်မြို့သာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ **သစ်ပင်များစိုက်ပျိုးရာတွင် ပြင်ဦးလွင်မြို့၏ မူလပန်းမျိုးများကို ပြန်လည်ထိန်းသိမ်းစိုက်ပျိုးသွားရန်လို**ပြီး **ပန်းမြို့တော်ဟူသောအမည်နှင့် ကိုက်ညီအောင် ဆောင်ရွက်သွားရန်လို**ကြောင်း၊ လူနေရပ်ကွက်များ၊ လူနေခြံများတွင်လည်း ဒေသနှင့်ကိုက်ညီသည့်ပန်းများ စိုက်ပျိုးကြရေး တိုက်တွန်းနှိုးဆော်သွားရန်လိုကြောင်း၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ တောင်လေ့ကားမြို့တော်ဟူသည့် သဘာဝအရပေးထားသည့် နာမည်များနှင့်ကိုက်ညီအောင် မူလအခြေအနေအတိုင်းကိုက်ညီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ပြင်ဦးလွင်တွင် နေထိုင်ကြသူများအနေဖြင့် မိမိတို့နေထိုင်သည့် မြို့သာယာလှပရေးအတွက် အသိဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့တွင် နို့ထွက်ပစ္စည်းများထုတ်လုပ်နိုင်ရန် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုများတိုးတက်စေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရသည့် နို့ဆီ၊ နို့စိမ်းများစွာလျော့ကျသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ လိုအပ်သည်များကူညီပေးမည်ဖြစ်သကဲ့သို့ မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းများတိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် နာမည်ပေါင်းများစွာ၊ ဂုဏ်ဒြပ်များရှိသည့် မြို့တစ်မြို့ဖြစ်ပြီး မိမိတို့အနေဖြင့် ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ဦးလွင်မြို့၏ ဂုဏ်ဒြပ်သည် ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### ပြင်ဦးလွင်ဒေသအတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းတင်ပြ

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားရှိမှု၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရန်လျာထားဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်းကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှုနှင့် ကော်ဖီပျိုးပင်များဖြန့်ဖြူးပေးနိုင်မှုများကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကော်ဖီစီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့်ကော်ဖီခြံများအား ဥပဒေနှင့်အညီဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမှုအခြေအနေများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရေး အဆောက်အဦများဆောက်လုပ်နိုင်ရန်အတွက် မြေနေရာများ လျာထားရွေးချယ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်ခရိုင်ဆိုင်ရာအချက်အလက်များနှင့် ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ကျောင်းအပ်နှံမှုနှင့် ယခင်ပညာသင်နှစ်တွင် ကျောင်းတက်ရောက်ခဲ့မှုအခြေအနေများ၊ ပြင်ဦးလွင်မြို့အား မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြတည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဇုန်ဆောင်ရွက်ထားရှိမှုနှင့် ကုန်ထုတ်လမ်းဆောင်ရွက်ထားရှိမှု၊ ပြင်ဦးလွင်မြို့အတွင်း ဂဲလောင်းချောင်းတည်ရှိမှုနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်းက ပြင်ဦးလွင်မြို့ စိမ်းလန်းသာယာလှပရေးနှင့် သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြသည်။



ရှင်းလင်းတင်ပြမှုများအပေါ် ကော်ဖီသည် စီးပွားရေးအရ တွက်ခြေကိုက်သည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကော်ဖီကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်၏ ပို့ကုန်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို စည်းကမ်းနှင့်အညီဆောင်ရွက်သွားရန်လိုကြောင်း၊ ဆေးရုံတည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ မီးများရရှိရေး၊ အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ရန် အလှမ်းမီသည့်နေရာဖြစ်စေရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သည့်နေရာဖြစ်စေရေး တို့ကိုအခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စည်ပင်သာယာရေးတာဝန်ရှိသူများအနေဖြင့် လမ်းများစနစ်တကျဖြစ်စေရန်နှင့် လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုပြီး လမ်းအင်္ဂါရပ်များနှင့် ကိုက်ညီအောင်ဖောက်လုပ်ရန်လိုကြောင်း၊ **လမ်းဘေးဝဲယာတွင် ဒေသသာယာလှပရေးနှင့်ကိုက်ညီသည့် ပန်းအလှပင်များ၊ သစ်ပင်များစိုက်ပျိုးရန်လို**ကြောင်း၊ ရေရရှိရေးနှင့် ရပ်ကွက်အလိုက် သာယာလှပရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ယခုကဲ့သို့တွေ့ဆုံရခြင်းသည် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ဆောင်ရွက်သွားရမည်ကို ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ **ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးအတွက် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့မြို့၊ မိမိတို့ဒေသအဖြစ်ခံယူ၍ ဆောင်ရွက်သွားကြရန်လို**ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရန်ရည်ရွယ်၍ ပုဂ္ဂလိကဆေးရုံများ တည်ဆောက်ရန် လျာထားသည့်မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသိန်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧပြီလ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ ရှေ့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အရိုးအကြောကုသဆောင်ပြင်ဆင်ထားရှိမှုနှင့် အဆိုပါကုသဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့သည်။

ၿငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်းလှည့်လည်၍ လူနာဆောင်များနှင့် လူနာခန်းများပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စက်ပစ္စည်းကိရိယာများကို ကောင်းမွန်မှုရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

ရန်ကုန် မေ ၃၀

## ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများအဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး ပြည်တွင်းတွင် ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် စက်သုံးဆီအရောင်းဆိုင်များသို့ ရှောင်တခင်ဝင်ရောက်ပြီး သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်နေမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိ

ပြည်ပမှစက်သုံးဆီတင်သင်္ဘောများသည် ကြိုတင်စီမံထားသည့်အတိုင်း ပုံမှန်အဆက်မပြတ်ဝင်ရောက်လျက်ရှိပြီး Terminal အသီးသီးသို့ ချယူဖြည့်တင်းလျက်ရှိကြောင်း၊ ဆက်လက်၍လည်း ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း၊ အရန်စက်သုံးဆီများလည်း ပါဝင်ကြောင်းနှင့် ပြည်တွင်းစက်သုံးဆီသုံးစွဲမှုအတွက် ဖူလုံမှုရှိကြောင်း သိရှိရသည်။ စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းနှင့်ပေါင်းစပ်ညှိနှိုင်း၍ တစ်နိုင်ငံလုံးရှိ စက်မှုဇုန်စက်ရုံအလုပ်ရုံများအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေး စသည့်အခြားကဏ္ဍအသီးသီးသို့လည်း လိုအပ်ချက်နှင့်အညီ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ရောင်းဈေးနှုန်းကိုလည်း ထိန်းသိမ်းကြပ်မတ်လျက်ရှိသဖြင့် တည်ငြိမ်လျက်ရှိပြီး အများပြည်သူအနေဖြင့် အလွယ်တကူအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိကြောင်းသိရသည်။

စက်သုံးဆီအရောင်းဆိုင်များသို့ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချခြင်း ရှိ/မရှိ၊ သတ်မှတ်အရည်အသွေးနှင့် အခြင်အတွယ် ကိုက်ညီမှန်ကန်မှု ရှိ/မရှိနှင့် ထုတ်ပြန်ထားသောသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိကို ရှောင်တခင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၅-၂၀၂၄ (သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၆း၀၃ | တရားတော် |
| ၂။ | ၇း၁၅ | မေတ္တာပို့ |
| ၃။ | ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၇း၄၅ | မြန်မာသံစဉ်ချိုနှားဝင် |
| ၅။ | ၈း၂၅ | နှစ်(၇၀)ကျော်ကြားတေးများ |
| ၆။ | ၉း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၇။ | ၁၀း၅၀ | ကျန်းမာသုတ |
| ၈။ | ၁၁း၂၀ | အတွေးအမြင် |
| ၉။ | ၁၉း၀၀ | **(၃၈)ဖြာမင်္ဂလာ -အရိုသစ္စာနဒဿန်** |
| ၁၀။ | **ညစနာရီသတင်းအပြီး** | နိုင်ငံတကာသတင်း |
| ၁၁။ | | မိုးလေဝသသတင်း |





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်၍ လူနာဆောင်များနှင့်လူနာခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

❖ ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်. . .

❖ မြို့တွင်း ရေစီးရေလာများကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ မြို့သာယာလှပရေးအတွက် မည်ကဲ့သို့ ကောင်းမွန်အောင်ဆောင်ရွက်မည်ကို Engineering Philosophy အရ ကြိုတင်စဉ်းစားတွေးခေါ် ဆောင်ရွက်ရန်လို. . .

☆ **စာမျက်နှာ ၁၇ မှအဆက်**

နှစ်လိုဖွယ်ရာသီဥတုရှိပြီးဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော် အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကိုအားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပုဂ္ဂလိကကျောင်းများဖွင့်လှစ်ရာတွင် စည်းကမ်းနှင့်အညီဖြစ်ရန်လို**ကြောင်း၊ **ပုဂ္ဂလိကကျောင်းများအနေဖြင့် အောင်ချက်ကောင်းရုံသာ ဦးတည်ဆောင်ရွက်ခြင်းမျိုးမပြုလုပ်ဘဲ ကျောင်းသား၊ ကျောင်းသူများအား အမှန်တကယ်ပညာတတ်မြောက်အောင် သင်ကြားပေးသည့်ကျောင်းများဖြစ်စေလို**ကြောင်း။

ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့်ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အဦများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်း ရေစီးရေလာများကောင်းမွန်စေရေးအတွက်လည်း **စာမျက်နှာ ၁၄ သို့** ☆







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး သမိုင်းဝင်အဆောက်အဦများစွာလည်းရှိကြောင်း၊ ပြင်ဦးလွင်မြို့ကို **တောင်ပေါ်အပန်းဖြေမြို့တော်၊ ပန်းမြို့တော်၊ တောင်လှေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသဖြင့် အဆိုပါအင်္ဂါရပ်များနှင့်ကိုက်ညီရန်လို**ကြောင်း၊ ပြင်ဦးလွင်မြို့သို့ ပြည်တွင်းပြည်ပခရီးသွားများ စဉ်ဆက်မပြတ်လာရောက်လည်ပတ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့ချိန်တွင် လာရောက်မှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပြည်တွင်းခရီးသွားများ ပြန်လည်များပြားလာကြောင်း၊ အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏ အလှအပကို ခံစားလည်ပတ်နိုင်ရန်လိုကြောင်း၊ ယခင်ကပြင်ဦးလွင်မြို့သည် အေးမြသည့်မြို့တစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာသည်ကိုတွေ့ရကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းမှာ လူများ၏လုပ်ဆောင်မှုများကြောင့်လည်းပါဝင်ပြီး လူများကြောင့်ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို လူများကပင် ပြန်လည်ပြုပြင်ရမည်ဖြစ်ကြောင်း။

**ယခင်က အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များအားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှု အားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများကြုံတွေ့ခဲ့ရ**ကြောင်း၊ ထို့ကြောင့် **မိမိတို့အနေဖြင့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်မွမ်းမံပြင်ဆင်မှုများ ရေလမ်းကြောင်း ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လာခဲ့ပြီး ယခုအခါ ကန်တော်ကြီးအတွင်း ရေများလုံလောက်စွာဝင်ရောက်လာပြီဖြစ်**ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမှာ လူများကပင်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင် ဒေသပြန်လည်စိမ်းလန်းသာယာရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသည့် သစ်ပင်သစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်း

❖ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းမှာ လူများ၏လုပ်ဆောင်မှုများကြောင့်လည်း ပါဝင်ပြီး လူများကြောင့်ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို လူများကပင် ပြန်လည်ပြုပြင်ရမည်ဖြစ်. . .

❖ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားသည့် သစ်ပင်သစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်၊ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် သဘာဝကိုထိန်းသိမ်းနိုင်သဖြင့် ပြင်ဦးလွင်ဒေသတွင် သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်သွားရမည်. . .

❖ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက စီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်. . .





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရန်ရည်ရွယ်၍ ပုဂ္ဂလိကဆေးရုံများတည်ဆောက်ရန် လျာထားသည့်မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

စိုပြည်လာမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ရှိ လူနေရပ်ကွက်များတွင်လည်း ရှိသင့်ရှိထိုက်သည့် သစ်ပင်များ စည်းမျဉ်းစည်းကမ်းများနှင့် အညီစိုက်ပျိုးနိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝကိုထိန်းသိမ်းနိုင်သဖြင့် ပြင်ဦးလွင်ဒေသတွင် သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## မြေအသုံးချမှုနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်ရန်လို

မြေယာဥပဒေအရ စိုက်ပျိုးရန်ခွင့်ပြုထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနေရန်လိုကြောင်း၊ **လယ်ယာစိုက်ပျိုးမြေများနှင့်ပတ်သက်၍ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်ဆောင်ရွက်ခြင်းမရှိစေရေး တာဝန်ရှိသူများအနေဖြင့် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လို**ကြောင်း၊ စီမံခန့်ခွဲမှု သွားရန်လိုကြောင်း၊ သစ်ပင်သစ်တောများ ပြန်လည်ကောင်းမွန်လာပြီး ရာသီဥတုများကောင်းမွန်လာမည်ဆိုပါက မြစ်များ၊ ချောင်းများအတွင်း ရေများပုံမှန်အတိုင်းစီးဆင်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ မြစ်ချောင်းများအတွင်း ရေများပုံမှန်အတိုင်းဝင်ရောက်လာမည်ဆိုပါက စိုက်ပျိုးရေများလုံလောက်စွာရရှိမည်ဖြစ်သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## ကော်ဖီစိုက်ပျိုးမှုမြှင့်တင်နိုင်ရေး

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ ကော်ဖီစီမံကိန်းသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်က စတင်ခဲ့သည့်နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ **ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအသုံးချမှုကို စည်းကမ်းနှင့်အညီထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်လို**ကြောင်း၊ ကော်ဖီများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက်လည်း တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ကြပ်မတ်ဆောင်ရွက်ပေးနေရန်လိုကြောင်း၊ ကော်ဖီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးရှိ အရိုးအကြောကုသဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်းရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

အားနည်းချက်များရှိခဲ့ခြင်းကြောင့် သစ်ပင်သစ်တောများပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများရှိခဲ့ခြင်းဖြစ်ကြောင်း၊ လျော့ပါးသွားသည့် သစ်ပင်များပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ပြင်ဦးလွင်မြို့တွင်သာမဟုတ်ဘဲ ဒေသတွင်းရှိ အခြားမြို့များတွင်လည်း သစ်ပင်များ စိုက်ပျိုးစေရေးဆောင်ရွက် စိုက်ပျိုးရန်ခွင့်ပြုထားသည့်မြေများတွင် လူနေအိမ်များ ဆောက်လုပ်ခြင်းသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေကြောင်း၊ စီမံကိန်းနေရာများတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ကော်ဖီစိုက်ပျိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိသဖြင့် အချို့ကော်ဖီစိုက်ပျိုးခြံများကို အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ **မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ထုတ်ကုန်တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ်သွားနိုင်ရန်လိုပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများ အရေအတွက်များများထွက်ရှိစေရေး စိုက်ဧကအလိုက် အပြည့်အဝစိုက်ပျိုး၍ ထုတ်လုပ်မှုများတိုးတက်အောင်ဆောင်ရွက်ရန်လို**ကြောင်း၊ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ်ရောင်းချခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါကစီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

## ပြင်ဦးလွင်မြို့၏ ပညာရေးကောင်းမွန်ရေး၊ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး

**စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 30

# Collective efforts for PyinOoLwin beautifying and development will enhance its existing characteristics



Senior General Min Aung Hlaing meets departmental staff from PyinOoLwin District.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met departmental personnel of PyinOoLwin township and district at the meeting hall of National Landmark Gardens in PyinOoLwin in Mandalay Region this morning, and discussed beautifying and development of PyinOoLwin and extension of coffee sown acreage.

Present together with the Senior General were union ministers U Min Naung, U Khin Maung Yi, and Dr Thet Khaing Win, Region Chief Minister U Myo Aung, senior military officers from the Office of the Commander-in-Chief, the Central Command commander, and officials.



Senior General Min Aung Hlaing inspects preparations in the Kandawgyi Garden.

**Need to restore national environment**

In his address, the Senior General said PyinOoLwin has existed since many years ago and it has many historical buildings. The town is praised as the mountain resort, flower city and mountain stairways. So, the town must have the said characteristics. It was constantly visited by local and foreign tourists. The number of visitors fell during the COVID-19 epidemic, but now the number has increased again. It is required to satisfy the visitors who wish to enjoy its beauty with peace

See Page - 21





Senior General Min Aung Hlaing hears report on the site chosen for new hospital construction.

NAY PYI TAW May 30

# SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing gives guidance to senior officer instructors, senior officer lecturers, experienced mentors, permanent officers, trainees and cadets



Senior General Min Aung Hlaing meets instructors, lecturers, mentors and cadets from DSA.

Instructors must give systematic military and literary training plus their experiences to junior officers and cadets to turn out future leaders with firm spirit on whom the State, Tatmadaw and people rely, and junior officer trainees, cadets have to conduct learning with firm spirit to benefit the State and Tatmadaw, said Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing at the meeting with senior officer instructors, senior officer lecturers, experienced mentors, permanent officers, female and male trainees and cadets at the convocation hall of Defence Services Academy this morning.

Also present at the meeting were Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, senior military officers from the Office of the Commander-in-Chief, the commander of Central Command, officials from PyinOoLwin Station, the commandant of DSA, senior officer instructors, senior officer lecturers, experienced mentors, permanent officers, female and male trainees and cadets.

**Progress of political landscape of the State**

First, the Senior General explained that occurrences of voting frauds in the 2020 multi-party democracy general election, political declaration of the State of emergency and serving State responsibilities by Tatmadaw due to lack of solving voting frauds, difficulties in outbreak of COVID-19 at a time the State Administration Council has been serving State responsibilities, armed terror acts and subversive acts of those unwilling to see peace and stability of the State showing political condition, participation of some service personnel in CDM movements due to instigations, and endeavours of the State to develop overall development of political, economic and social sectors aid various difficulties and efforts to forge peace and stability by adopting policies and objectives.

**Each trainee must be trained to have physical and mental capacity with health and fitness**

The Senior General continued that Defence Services Academy is primarily giving training to cadets to be able to turn out qualified officers with physical and mental capacity for the Tatmadaw (Army, Navy and Air). Training is being given to trainees in relevant terms for improvement of physical and mental strengthening. Trainees have to follow the trainees with firm concepts to improve their physical and mental strengthening. Instructors have to give training with their literary knowledge and life experiences to the trainees to have firm spirits, capabilities and self-confidence to be able to achieve success in their lives. Trainees have to deeply follow trainees of instructors and apply them along their lifespans with self-reliance and self-confidence.

**Individuals have to abide by 16 characteristics of leadership skills under disciplines**

Tatmadaw has set 16 leadership characteristics and all have to follow them. Leaders need to abide by relevant rules and regulations to control themselves. They have to observe necessary issues for serving the interests of subordinates and improving socio-economic life.

Discipline is the backbone of the Tatmadaw, and only with individual good discipline can the entire organization function well. Therefore, it is necessary for the current trainees to cultivate good habits of living and working in a disciplined manner from this stage and to practice and apply these habits throughout their lives. It is essential to act with strict discipline and good obedience, to live with self-control, and to carry out their duties efficiently. To defend the nation, it is crucial to perform one's responsibilities diligently.

**To shape and build a future society rich in knowledge**

Furthermore, it is necessary for each individual to acquire education and be enriched with knowledge for the improvement and advancement of their social lives. Our country still has many needs to strengthen and enhance education, thus efforts are continuously being made to promote education. Additionally, the establishment of libraries to support education and ensuring the proper functioning of these libraries are prioritized by the state. Instructors and students need to read and not just read, but also remember and retain the knowledge to become well-informed individuals. Reading will increase knowledge and awareness, greatly benefiting the improvement and advancement of life. By being well-informed, individuals will change and improve their way of life, thereby shaping and building a future society rich in knowledge. Therefore, collective efforts and cooperation are needed.

**Instructors need to teach and train systematically, and students also need to practice and learn with full effort**

Regarding education, it is about training and teaching someone to master a skill and ensuring they become proficient in its use. Instructors must teach and train in both practical and theoretical aspects of the subject, providing balanced instruction in both areas. Training should be conducted with strict discipline, and both instructors and students must avoid being lenient with themselves. Because instructors are already qualified and experienced, they should systematically impart their knowledge, integrating it with their practical experiences, to produce future leaders. These leaders should be thoroughly educated and able to provide effective leadership in the real world, possess strong and good character, and be future leaders whom the nation and military can rely on. Guardians assigned to each cadet based on their class and batch must also provide appropriate guidance and leadership with a sense of brotherhood or parental care, ensuring that the cadets stay on the right path in their lives.

Instructors must train and teach systematically, and students must also put in full effort in the courses they attend at their respective levels. To develop outstanding and exceptional future leaders who can be relied upon by the people and the nation, students must diligently attend and learn from the courses offered at each level from the beginning. The nation and the Tatmadaw have invested significant time and resources in nurturing and developing these courses. Therefore, students need to train and learn with full effort, maintaining discipline to ensure their personal development and meet the expectations of the nation and the Tatmadaw. Thus, the students should strive to learn diligently while maintaining discipline. Afterwards, the needs of instructors, students, and cadets were addressed and fulfilled.

From Page - 21

tourism city. The town must have a clean environment where sanitation is carried out by every individual and home. Departmental officials should beautify the town by systematically maintaining their offices, departments, bridges and structures. It should be a garbage free town where a proper drainage system is ensured. Town beautifying plan must be drawn from the viewpoint of Engineering Philosophy. The Senior General said he has exerted extra impetus encouraging the greening activities nationwide, and visited some townships in Yangon and Bagan Ancient Cultural Zone that face floods due to heavy rains during the last year's rainy season and gave necessary directives. So, the level of floods is low this year.

It is necessary to cooperate for the pleasantness of PyinOoLwin. In planting trees, it is necessary to conserve original flower species of the town in line with its attribute "Flower City". It is also necessary to urge people to plant flowering plants in residential quarters and compounds. Concerted efforts must be made to make the town match up with its natural attributes such as Cherry City, Flower City and the City of Terraces. Residents are urged to make concerted efforts for the pleasantness of the town consciously.

As there are favourable conditions to manufacture dairy products in PyinOoLwin, efforts must be made for development of manufacturing dairy products. If such efforts can be made, imports of dairy products from other countries can be reduced enormously. The government is ready to offer necessary assistance but individuals are required to take necessary measures by themselves. If manufacturing dairy products can be boosted, it will contribute much to the country in some way or another. PyinOoLwin is a town with many attributes and if further efforts can be made to improve the conditions of the town, its image will improve.

**Efforts for coffee cultivation and urban development reported**

Then, Union Minister for Agriculture, Livestock and Irrigation U Min Naung reported to the Senior General on cultivation of coffee, action taken against coffee plantations that violate rules and regulations in the project area, plans to expand coffee cultivation, formation of the coffee project supervisory committee and distribution of coffee seedling while Union Minister for Natural Resources and Environmental Conservation U Khin Maung Yi reported to the Senior General on transferring coffee plantations that violated rules and regulations in the project area to the Ministry of Agriculture, Livestock and Irrigation after taking action in accordance with the law. Union Minister for Health Dr Thet Khaing Win reported to the Senior General on allocation of land for facilities to make PyinOoLwin a city of health and Chief Minister U Myo Aung of Mandalay Region reported to the Senior General on salient points of PyinOoLwin District, measures taken in respective sectors for development of the town, school admission and schooling in the previous academic year in townships in the region, plans for urban construction and development in the town, development of an agriculture and livestock breeding zone and construction of production roads, efforts made for streamlining water flow in Gelong Creek in PyinOoLwin. Development Affairs Minister Mayor U Kyaw San reported to the Senior General on measures being taken for greening and pleasantness of the town.

After hearing the reports, the Senior General said cultivation of coffee is a profitable business and there are some countries that mainly cultivate coffee and export it. It is necessary for the country to make progress in coffee cultivation and produce coffee as a national export. Coffee farmers are required to cultivate coffee in accordance with rules and regulations. In allocating land for construction of hospitals, it is important to choose a location that has access to basic needs such as water, electricity, administration and transportation. Officials responsible for development affairs are required to make efforts to maintain roads that meet standards of them, to grow flowering plants and trees on both sides for pleasantness of the region, and to take measures for water supply and pleasantness of wards.

The purpose of the meeting is to discuss how to carry out regional development tasks for PyinOoLwin and departmental staff are required to exert efforts for development and pleasantness of the town where they are performing duties as much as possible as one's own town and region.

Then, the Senior General and party inspected the National Kandawgyi Park by car and gave necessary instructions on reports of responsible officials.

Afterward, the Senior General and party inspected the land allocated for construction of private hospitals to make PyinOoLwin a city of health and attended to the needs reported by officials.

Then, the Senior General and party proceeded to People's General Hospital in PyinOoLwin, where they were welcomed by superintendent Dr Thein Tun and health workers. The Senior General inspected the renovation of the Orthopedic and Neurology ward that was damaged by the rocket attack of terrorist insurgents at the night of 14 April and asked after the health of patients in the ward cordially one by one before giving assistance to them.

Then, the Senior General inspected wards and clinics in the hospital and gave instructions on cleanliness, maintenance of medical equipment and other needs.

**100**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.
2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.
3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**
4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.
5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**

From Page - 18

and happiness. PyinOoLwin once was a cool place and climate change has increased its temperatures. Change in the natural environment is also caused by human activities. Hence, man has the responsibility to restore it.

Once, in the past, lakes in National Kandawgyi Gardens dried up due to various reasons including dwindling water resources, loss of natural springs, rise in temperatures in the area, decrease in water flow of inlets. The government inspected inlets, springs, underground drains, and conducted necessary restoration and conservation. Hence, inlets are now providing an adequate amount of water into the lakes. It is the act of humans. Hence, all should make necessary maintenance and conservation activities for re-greening the PyinOoLwin region.

Reforestation must be done to restore forests that were depleted for various reasons. Climate will improve and the natural environment will be green again only if local-friendly tree species are cultivated. Public awareness campaigns must be launched for the ward dwellers to grow trees as necessary in accord with the rules. As tree-growing helps conserve nature, tree planting must be encouraged in PyinOoLwin.

**Land use must be according to rules**

Officials must regulate rules of land use to stop misuse of land permitted in accord with the land use law for agriculture. Officials at all levels should take supervisory action against violation of law and rules in land use. Forest depletion and environmental degradation is caused by weak management. Reforestation must be done in areas that lost their forest. This program must be carried out in other regional towns apart from PyinOoLwin. Rivers and streams will become normal if forests and climate can be restored. If they become normal they can be harnessed to generate electricity.

**Promote coffee cultivation**

Coffee plan was launched over 20 years ago. Regulation of rules is required in land use. Official supervision is required for the success of coffee plantations. Building of homes on land permitted for coffee has hurt the business. Action was taken against some of the coffee plantations for breaking the rules. The quality of Myanmar coffee is high. So coffee must be produced on a commercial scale by increasing quality coffee raw materials and increasing sown acreage. If coffee can be exported as finished goods rather than raw materials it will be much beneficial to the economy. Hence, the PyinOoLwin region should develop its coffee production.

**Education improvement, beautifying and development of PyinOoLwin**

PyinOoLwin must be developed as a tourism city, resort city and healthcare city as it has fresh air and favourable weather. The town already has a good reputation in education. Its fine weather is supportive of education. In this regard, education promotion activities must be carried out. Hence, public schools must observe the rules, and pass rate is not the only issue that matters, they must be the centres that teach students to become truly educated.

Cleanliness and pleasantness must be prioritized as it is a

See Page - 20



Senior General Min Aung Hlaing presents gift to a patient.





Senior General Min Aung Hlaing inspects a hospital ward which has been repaired.



## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ပဲရစ်၊ စစ်ရေး

# ယူကရိန်းသို့ စစ်ရေးနည်းပြများပို့ဆောင်မည့်အစီအစဉ်ကို ပြင်သစ် မကြာမီထုတ်ပြန်နိုင်ဖွယ်ရှိ



ပြင်သစ်အစိုးရသည် ၎င်းတို့၏စစ်ရေးနည်းပြများအား ယူကရိန်းနိုင်ငံသို့ပို့ဆောင်မည့်အစီအစဉ်ကို မကြာမီထုတ်ပြန်ကြေညာနိုင်ကြောင်း နိုင်ငံတကာသံတမန်အရင်းအမြစ်များကပြောသည်။

ပြင်သစ်နိုင်ငံသည် အခြားမဟာမိတ်နိုင်ငံများ၏ စိုးရိမ်မကင်းဖြစ်မှုများနှင့် ရုရှားနိုင်ငံမှ ဝေဖန်မှုများရှိနေသော်လည်း စစ်ရေးနည်းပြများအား ယူကရိန်းနိုင်ငံသို့စေလွှတ်မည့်အစီအစဉ်အား လာမည့်ရက်သတ္တပတ်အတွင်း ယူကရိန်းသမ္မတ၏ ပြင်သစ်ခရီးစဉ်တွင် ထုတ်ပြန်နိုင်ကြောင်း သံတမန်အသိုက်အဝန်းကပြောသည်။

ယူကရိန်းနိုင်ငံသို့ ထိုသို့သောအကူအညီများပေးအပ်ခြင်းသည် ရုရှားနှင့် လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခကို ပိုမိုဆိုးရွားစေနိုင်သည်ဟု ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့က စိုးရိမ်နေသော်လည်း ပြင်သစ်အစိုးရအနေဖြင့် ၎င်းတို့၏စစ်ရေးနည်းပြများအား ယူကရိန်းသို့စေလွှတ်ခြင်းအားဖြင့် မဟာမိတ်နိုင်ငံများအား ဦးဆောင်ဦးရွက်ပြုနိုင်မည်ဟု မျှော်လင့်လျက်ရှိကြောင်း သံတမန်များ၏ပြောကြားချက်အရ သိရသည်။

ပြင်သစ်အစိုးရအနေဖြင့် ယူကရိန်းသို့ ရာနှင့်ချီသောစစ်ရေးနည်းပြများကို မစေလွှတ်မီ ယူကရိန်းစစ်သည်များအား လေ့ကျင့်ပေးနိုင်ရေး အကဲဖြတ်မှုများလုပ်ဆောင်ရန်အတွက် ပြင်သစ်စစ်သည်အနည်းငယ်ကို ဦးစွာစေလွှတ်နိုင်ဖွယ်ရှိကြောင်းသိရသည်။

ပြင်သစ်စစ်ရေးနည်းပြများက ယူကရိန်းစစ်သည်များအား လေ့ကျင့်ပေးမည့်အစီအစဉ်တွင် မိုင်းရှင်းလင်းခြင်း၊ အနောက်နိုင်ငံများက ထောက်ပံ့ပေးအပ်ထားသည့် စစ်လေယာဉ်များအား ကျွမ်းကျင်စွာမောင်းနှင်ပျံသန်းနိုင်သည့်နည်းပညာနှင့် စစ်လက်နက်ပစ္စည်းများကို ထိရောက်စွာထိန်းသိမ်းအသုံးပြုခြင်း စသည့်အစီအစဉ်များပါဝင်မည်ဖြစ်သည်။ ထို့ပြင် ပြင်သစ်နိုင်ငံသည် ယူကရိန်းယာဉ်တင်တပ်ဖွဲ့အတွက် ငွေကြေး၊ လက်နက်နှင့် လေ့ကျင့်သင်ကြားမှုများ ပေးအပ်မည်ဖြစ်ကြောင်းသိရသည်။

*Ref: ST*

ပေကျင်း၊ စစ်ရေး

# နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန် တရုတ်က နိုင်ဂျီးရီးယားသို့ စစ်သင်္ဘောတစ်စင်းစေလွှတ်မည်

တရုတ်နိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံတွင်ကျင်းပမည့် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတွင်ပါဝင်ရန်အတွက် ရေတပ်မှရှုချန်ဖရီးဂိတ်စစ်သင်္ဘောတစ်စင်းကို စေလွှတ်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက မေလ ၃၀ ရက်တွင် ပြောသည်။

အဆိုပါ နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတွင် ပင်လယ်ဓားပြနှိမ်နင်းရေး၊ ရေနံခိုးထုတ်မှုတားဆီးရေး စသည့်လေ့ကျင့်မှုများကို အဓိကထားလုပ်ဆောင်မည်ဖြစ်ပြီး ရေယာဉ်များ၏ စစ်ကစားမှု၊ ပူးတွဲကင်းလှည့်ခြင်း စသည့်လေ့ကျင့်မှုများကိုပါ လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝူချန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ သို့သော် စစ်ရေးလေ့ကျင့်မှု စတင်ကျင်းပမည့်နေ့ရက်ကို အသေးစိတ်ထုတ်ပြန်ထားခြင်းမရှိပေ။

ရှုချန်ဖရီးဂိတ်စစ်သင်္ဘောသည် တရုတ်ရေတပ်မှ စစ်ရေယာဉ်တစ်စင်းဖြစ်ပြီး လက်ရှိတွင် အေဒင်ပင်လယ်ကွေ့နှင့် ဆိုမာလီယာကမ်းလွန်ရှိ ပင်လယ်ပြင်အတွင်း၌ အစောင့်အရှောက်အဖြစ် လိုက်ပါသည့်တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ကျင်းပမည့် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ခြင်းအားဖြင့် စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်မည့် သက်ဆိုင်ရာနိုင်ငံများနှင့်တရုတ်နိုင်ငံကြား စစ်ရေးအပြန်အလှန်ဖလှယ်မှုကို တိုးတက်စေနိုင်ပြီး လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကိုပါ လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း ဝူချန်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရသည်။

*Ref: Xinhua, CM*



အမ်စတာဒမ်၊ ဆိုက်ဘာရာဇဝတ်မှု

# ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေး စစ်ဆင်မှုအတွင်း လူလေးဦးကိုဖမ်းဆီးဟု ဥရောပရဲတပ်ဖွဲ့ပြော




နိုင်ငံတကာဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေးစစ်ဆင်မှုတစ်ရပ်အတွင်း လူလေးဦးကိုဖမ်းဆီးနိုင်ခဲ့ပြီး ဆာဗာပေါင်း ၁၀၀ ကျော်အား ဖြုတ်ချရှင်းလင်းနိုင်ခဲ့ကြောင်း ဥရောပရဲတပ်ဖွဲ့က မေလ ၃၀ ရက်တွင် ထုတ်ပြန်သည်။

ဥရောပရဲတပ်ဖွဲ့သည် Operation Endgame ဟုအမည်ပေးထားသည့် အဆိုပါစစ်ဆင်ရေးကို မေလ ၂၇ ရက်နှင့် ၂၉ ရက်ကြားတွင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဆိုက်ဘာရာဇဝတ်မှုကျူးလွန်သူ ဟက်ကာလေးဦးကို ယူကရိန်းနှင့် အာမေးနီးယားနိုင်ငံတို့တွင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ဖြုတ်ချဖယ်ရှားနိုင်ခဲ့သည့်ဆာဗာများတွင် IcedID၊ Smokeloader၊ System BC၊ Pikabot နှင့် Bumblebee တို့ ပါဝင်ကြောင်း ဥရောပရဲတပ်ဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

Operation Endgame စစ်ဆင်ရေးကို အဓိကဥရောပနိုင်ငံကြီးများ ဖြစ်သည့် ပြင်သစ်၊ ဂျာမနီနှင့် နယ်သာလန်တို့က ဦးဆောင်ခဲ့ခြင်းဖြစ်ပြီး ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ယူကရိန်းကဲ့သို့သောနိုင်ငံများလည်းပူးပေါင်းပါဝင်ခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့ ဆိုက်ဘာရာဇဝတ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်းသည် ထင်ရှားသည့်အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ထိုသို့သောရာဇဝတ်မှုများသည် နိုင်ငံ၏စီးပွားရေးကို အကြီးအကျယ်ထိခိုက်စေကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး နန်စီဖရီဆာကပြောကြားထားကြောင်းသိရသည်။

ဆိုက်ဘာရာဇဝတ်မှုကျူးလွန်သူ ဟက်ကာများသည် ကွန်ပျူတာဗိုင်းရပ်များကိုအသုံးပြု၍ ဆိုက်ဘာတိုက်ခိုက်ရန်အတွက် အခြားကွန်ပျူတာများနှင့် ချိတ်ဆက်လေ့ရှိပြီး ဖမ်းဆီးခံရသည့်ဟက်ကာများအနက် တစ်ဦးသည် ဆိုက်ဘာရာဇဝတ်မှုများကျူးလွန်ရာမှ အနည်းဆုံး ယူရို ၆၉ သန်း(ဒေါ်လာ ၇၅ သန်း) တန်ဖိုးရှိ ဒစ်ဂျစ်တယ်ငွေကြေးများကို ရရှိခဲ့ကြောင်းသိရသည်။ *Ref: ST*

နယူးဒေလီ၊ သဘာဝဘေး

# နယူးဒေလီတွင် စံချိန်တင်အပူချိန်မြင့်တက်မှုကြောင့် ပထမဆုံးအကြိမ် လူသေဆုံးမှုဖြစ်ပွား



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် ယခုနှစ်အတွင်း စံချိန်တင်အပူချိန်မြင့်တက်မှုကြောင့် ပထမဆုံးအကြိမ်အဖြစ် လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း Indian Express သတင်းစာက မေလ ၃၀ ရက်တွင်ဖော်ပြသည်။

မြို့တော်တွင် အပူချိန်ဆက်လက်မြင့်တက်လျက်ရှိရာ မန်ဂက်ရှ်ပူရအရပ်တွင် မေလ ၂၉ ရက်တွင် အပူချိန်မှာ ၅၂. ၉ ဒီဂရီအထိ စံချိန်တင်မြင့်တက်ခဲ့ရာ အသက် ၄၀ နှစ်အရွယ် အလုပ်သမားတစ်ဦး အပူလျှပ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းစာတွင် ဆက်လက်ဖော်ပြသည်။

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပွားခဲ့သော်လည်း မေလ ၃၀ ရက်မှစ၍ အပူချိန်တဖြည်းဖြည်းလျော့ကျလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

စံချိန်တင် အပူချိန်မြင့်တက်မှုကြောင့် နိုင်ငံအနောက်မြောက်ပိုင်းရှိ ဒေသအများအပြားတွင် အာဏာပိုင်အဖွဲ့က အနီရောင်အဆင့်ရှိသတိပေးချက်များကို အစောပိုင်းတွင်ထုတ်ပြန်ခဲ့ရပြီး အပူချိန်မြင့်တက်နေစဉ် အထူးသဖြင့် နာတာရှည်ရောဂါဝေဒနာခံစားနေရသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအား သတိထားနေထိုင်ကြရန် တိုက်တွန်းခဲ့ရကြောင်းသိရသည်။

*Ref: ST*

**ထူးထူးခြားခြားကမ္ဘာတစ်လွှား မောင်းယုယစုစည်းသည်။**

# မိုင်ပေါင်း ၅ ဒသမ ၅ သန်းကျော်မောင်းနှင်ခဲ့သည့် ကမ္ဘာ့အသက်အကြီးဆုံးကုန်တင်ယာဉ်မောင်းကြီး ဗွိုင်းအာချာ





ဂင်းနစ် ကမ္ဘာ့စံချိန်အဖွဲ့ကြီးသည် အမေရိကန်ပြည်ထောင်စုမှ အသက် ၉၀ နှစ်အရွယ်ရှိ ဗွိုင်းအာချာအား ကမ္ဘာ့အသက်အကြီးဆုံး ကုန်တင်ယာဉ်မောင်းအဖြစ် တရားဝင်အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဗွိုင်းအာချာသည် ကင်ဆပ်ပြည်နယ် ဖီးလစ်ဘာ့ဂ်မြို့ရှိ Coomes ကုမ္ပဏီတွင် ကုန်တင်ယာဉ်မောင်းအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ၎င်းသည် အဆိုပါ ကုမ္ပဏီတစ်ခုတည်းမှာပင် နှစ်ပေါင်း ၂၀ ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။

ဗွိုင်းအာချာသည် ကုန်တင်ယာဉ်မောင်းအလုပ်ကို ၎င်းအသက် ၃၀ နှစ်မပြည့်မီအချိန်မှစ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ခန့်မှန်းခြေအားဖြင့် မိုင်ပေါင်း ၅ ဒသမ ၅ သန်းကျော်ကို မောင်းနှင်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

၎င်းအနေဖြင့် ကျန်းမာရေးကောင်းမွန်သရွေ့ ကုန်တင်ယာဉ်မောင်းအလုပ်ကို ဆက်လက်လုပ်ကိုင်ရန်စီစဉ်ထားကြောင်း၊ အနားယူရန် အစီအစဉ်မရှိသေးကြောင်း ဗွိုင်းအာချာက ဂင်းနစ်ကမ္ဘာ့စံချိန်အဖွဲ့ကြီးကိုပြောကြားခဲ့သည်။ ဗွိုင်းအာချာ၌ လက်ရှိတွင် မြေး ၂၆ ဦးရှိပြီး အမေရိကန်တစ်နိုင်ငံလုံးသို့ ကုန်တင်ယာဉ်အမျိုးမျိုးဖြင့် ခရီးဆန့်ခဲ့သူလည်းဖြစ်ကြောင်း သိရသည်။

***Ref: UI***

# ဒေါ်လာနစ်သန်းကျော်ဖြင့် စံချိန်တင်ခဲ့သည့် The Beatles မှ ဂျွန်လန်နန်၏ ၁၂ ကြိုးတပ်ဂစ်တာ

ကမ္ဘာကျော် ဗြိတိန်တေးဂီတဝိုင်းတစ်ခုဖြစ်သည့် The Beatles မှ ဂျွန်လန်နန်၏ ဂစ်တာတစ်လက်ကို ဒေါ်လာ နှစ်သန်းကျော်ဖြင့် လေလံတင်ရောင်းချနိုင်ခဲ့သည်။

ဂျွန်လန်နန်တီးခတ်ခဲ့သည့် ၁၂ ကြိုးတပ် အဆိုပါဂစ်တာကို နယူးယောက်မြို့ရှိ Hard Rock Café မှ လေလံတင်ရောင်းချခဲ့ခြင်းဖြစ်ပြီး ယင်းဂစ်တာအား ကနဦးတွင် ဒေါ်လာ ၆၀၀၀၀၀ မှ ၈၀၀၀၀၀ အတွင်းသာ ရောင်းချနိုင်မည်ဟု ခန့်မှန်းခဲ့သော်လည်း အမည်မဖော်လိုသူ ဝယ်သူတစ်ဦးက တယ်လီဖုန်းဆက်၍ ဒေါ်လာ ၂၈၅၇၅၀၀ ပေး၍ ဝယ်ယူသွားခြင်းဖြစ်သည်။

အဆိုပါဂစ်တာသည် The Beatles ဂီတဝိုင်း၏ လေလံပွဲသမိုင်းတွင် ဈေးနှုန်းအမြင့်ဆုံးဖြင့် စံချိန်တင်ရောင်းချနိုင်ခဲ့သည့် ဂစ်တာဖြစ်လာခဲ့ကြောင်း လေလံပွဲစီစဉ်သူများကပြောကြားခဲ့သည်။

ဂျွန်လန်နန်သည် ထင်ရှားသည့် ဗြိတိန်အဆိုတော်၊ သီချင်းရေးဆရာနှင့် ဂီတပညာရှင်တစ်ဦးဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ကွယ်လွန်ခဲ့သူဖြစ်သည်။

***Ref: Sputnik***



ပေကျင်း၊ စစ်ရေး

# အမေရိကန်က ဒုံးကျည်စနစ်ကို ဖိလစ်ပိုင်တွင် ဖြန့်ကြက်ခြင်းက အာရှ-ပစိဖိတ်ဒေသတစ်ခုလုံးအား ခြိမ်းခြောက်မှုအောက်သို့ရောက်ရှိစေဟု တရုတ်ပြော





အမေရိကန်က ၎င်းတို့၏ တာလတ်ပစ်ဒုံးကျည်စနစ်တစ်ခုကို ဖိလစ်ပိုင်တွင် ဖြန့်ကြက်လိုက်ခြင်းသည် အာရှ-ပစိဖိတ်ဒေသတစ်ခုလုံးအား အမေရိကန်၏ လက်နက်ခြိမ်းခြောက်မှုအောက်သို့ ရောက်ရှိစေကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက မေလ ၃၀ ရက်တွင် ပြောကြားသည်။

အမေရိကန်၏ လုပ်ဆောင်ချက်ကို တရုတ်နိုင်ငံက သတိထားစောင့်ကြည့်လျက်ရှိပြီး ယင်းလုပ်ဆောင်ချက်ကို ဆန့်ကျင်ကြောင်း၊ အမေရိကန်တို့သည် စစ်ရေးလေ့ကျင့်မှုများကို အကြောင်းပြ၍ ဖိလစ်ပိုင်နိုင်ငံတွင် ၎င်းတို့၏ Typhon ဒုံးကျည်စနစ်ကို ဖြန့်ကြက်ခြင်းဖြစ်ကြောင်း တရုတ်အစိုးရက တုံ့ပြန်ထားသည်။

ထို့ပြင် အမေရိကန်၏ ယခုလုပ်ဆောင်ချက်သည် စစ်အေးတိုက်ပွဲပြီးဆုံးပြီးချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် ၎င်းတို့၏တာလတ်ပစ်ဒုံးကျည်စနစ်ကို အာရှ-ပစိဖိတ်ဒေသ၌ ဖြန့်ကြက်ခြင်းဖြစ်ရာ အမေရိကန်နှင့် ဖိလစ်ပိုင်တို့၏ လုပ်ဆောင်ချက်သည် ဒေသတွင်း တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို လျော့ပါးစေမည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်နှင့် စစ်ရေးပူးပေါင်းရန် ဆုံးဖြတ်ခဲ့ခြင်းသည် အာဆီယံနိုင်ငံများအတွက်ချမှတ်ထားသည့် လမ်းညွှန်ချက်မှ သွေဖည်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံကဆက်လက်တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။ ***Ref:Xinhua***

ကဘူးလ်၊ လူမှုဖူလုံရေး

# အာဖဂန်တွင် လူဦးရေ၏ ၂၇ ရာခိုင်နှုန်း စားနပ်ရိက္ခာအကျပ်အတည်းနှင့်ရင်ဆိုင်နေရ



အာဖဂန်နစ္စတန်နိုင်ငံတွင် လူဦးရေ၏ ၂၇ ရာခိုင်နှုန်းသည် အရေးပေါ်စားနပ်ရိက္ခာအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကထုတ်ပြန်သည်။

အာဖဂန်မိသားစုများသည် သာမန်အားဖြင့်လူဦးရေများပြားပြီး လူဦးရေထပ်မံတိုးပွားလျက်ရှိရာ ယခုနှစ်ပိုင်းမှစ၍ ယင်းနိုင်ငံသို့ အာဖဂန်ပြည်သူ အနည်းဆုံး ကိုးသန်းခန့်အတွက် ဂျုံစေ့များပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ယင်းအဖွဲ့က မေလ ၂၉ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ဖော်ပြထားသည်။

အာဖဂန်နစ္စတန်တွင် ယခုနှစ်အတွင်း ဖြစ်ပွားသည့် ရေကြီးမှုများ၊ မိုးခေါင်ရေရှားမှုများနှင့် ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာမည့် ဒုက္ခသည်များကြောင့် အစားအစာရှားပါးမှုသည် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း ပရဟိတအဖွဲ့ကြီးတစ်ခုဖြစ်သည့် Save the Children အဖွဲ့က ယခုရက်သတ္တပတ်အတွင်း၌ ခန့်မှန်းထားကြောင်းသိရသည်။ ***Ref:Xinhua***

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

**သမီးအမျိုးသားရဲ့ခြေဖနောင့်က အမြဲတမ်းကွဲနေပါတယ်။ အေးတဲ့အချိန်ဆိုရင် ပိုဆိုးပါတယ်။ သွေးတွေလည်းထွက်ပါတယ်။ အခု လမ်းလည်းမလျှောက်နိုင်လို့ပါ။ ဆရာကြီးအနေနဲ့ ဆေးနည်းလေးပြောပြပေးပါရှင့်။**

ခြေဖနောင့်ကွဲနာဖြစ်ရင် ခြေဖနောင့်နှစ်ဖက်ကို တမာရွက်ပြုတ်ရည်နဲ့ မိနစ်အနည်းငယ်စိမ်ပြီး ထောပတ်နဲ့ပျားရည်ရောစပ်လိမ်းနိုင်ပါတယ်။ နောက်တစ်နည်းက သဘော်ရိုးအညှာကထွက်တဲ့အစေးကို အုန်းဆီနဲ့ရောလိမ်းပါ။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့အပူပေးပြီး ခြေသလုံးနဲ့ဖနောင့်မှာ ညအိပ်ရာဝင်တိုင်းလိမ်းအိပ်ပါ။

**ဆရာကြီးရှင့်။ သည်းခြေကျောက်အတွက် ဆောင်ရန်/ရှောင်ရန်နဲ့ ဘယ်လိုပြုမူနေထိုင်ရမလဲဆိုတာ ပြောပြပေးစေလိုပါတယ်ရှင့်။ မခွဲစိတ်ရဘဲ ကျောက်ကြေအောင် စားရမယ့်ဓာတ်စာလေးရှိရင်ပြောပြပေးစေချင်ပါတယ်။**

သည်းခြေကျောက်တည်ရင် အုန်းစိမ်း(အုန်းသီးအနု)ကို ထိပ်ဖွင့်ပြီး ကျောက်ချဉ်အခဲသေးသေး(ရွှေးစေ့ခန့်)ထည့်ပြီး ခေတ္တစောင့်ပါ။ ပြီးရင် မသွန်ဘဲ ပိုက်နဲ့စုပ်သောက်ပါ။ ၁၄ ရက်သောက်ရပါမယ်။ ကောက်ရိုးခြောက်အဝါရောင်ကို ပြုတ်သောက်ပါ။ ဒါမှမဟုတ် လက်ဖက်ခြောက်လို ရေနွေးထဲခတ်သောက်ရင်လည်း သည်းခြေကျောက်ကျပါတယ်။

**ညာလက်တစ်ဖက်က ညဘက်ဆိုထုံနေပါတယ်။ ပစ္စည်းတစ်ခုလောက်ကိုင်ရင်လည်း ကျဉ်သွားလို့ လေဖြတ်နိုင်သလားသိပါရစေ။**

ထုံကျဉ်ပြီး လေငန်းဖြစ်ချင်နေရင် ဆင်တုံးမနွယ်ပါတဲ့ မြန်မာဆေးတစ်မျိုးမျိုးကိုဝယ်သောက်ပါ။ ဒါမှမဟုတ် ဆင်တုံးမနွယ်အမှုန့်ကြိတ်ပြီးသားကို ပရဆေးဆိုင်ကဝယ်ယူပြီး ပျားရည်နဲ့ရောမွှေထားပါ။ ဖန်ပုလင်းထဲထည့်၊ အပေါ်ကနေ နှမ်းဆီထည့်ပြီးအုပ်ထားပါ။ နံနက်၊ ည ကော်ဖီဇွန်းသေးတစ်ဇွန်းစားပေးပါ။ ပုလင်းကို တစ်ပတ်တစ်ခါ နေရောင်ပြပေးပါ။ ဆင်တုံးမနွယ်က အကြောလေလျှောက်ဆေးဖြစ်ပါတယ်။

**ဆရာကြီးရှင့်။ ကျွန်မသားက တစ်လတစ်ကြိမ်လောက် အပူလျှပ်ပြီးဖျားတတ်ပါတယ်။ ဆေးခန်းလည်းပြပါတယ်။ အခုလည်း ဖျားပြီးနှာစေး၊ ချောင်းဆိုးကျန်နေပါတယ်။ ကိုယ်တွင်းအဖျားကျန်နေတော့ မကြာမကြာ ပြန်ဖျားတယ်လို့ထင်ပါတယ်။ အဲဒါ ဘာဆေးများသောက်ရမလဲ ပြောပြပေးစေချင်ပါတယ်။**

အပူငုပ်နေပြီး ပြန်ဖျားတာဖြစ်လို့ ကွမ်းရွက်ခြောက်ကို ဓာတ်ဘူးထဲမှာ လက်ဖက်ခြောက်ခတ်သလိုထည့်နှပ်ပြီး တစ်နေ့တစ်ဘူးသောက်ပါ။ အပူကျအောင် လေပူကျဆေးသောက်ခိုင်းပါ။ ကိုယ်ခံအားမနည်းအောင် ညအိပ်ရာဝင် နွားနို့ပူပူတစ်ခွက်မှာ နနွင်းမှုန့်ကော်ဖီဇွန်းသေးတစ်ဇွန်း ထည့်ဖျော်သောက်ပါ။ နနွင်းစစ်စစ်က မဖျားအောင်လည်း ကာကွယ်ပါတယ်။

**ကျွန်တော့်သမီးလေး ရေကျောက်ပေါက်နေလို့ပါ။ အသက်က သုံးနှစ်နဲ့လေးလပါ။ ဘာဆေးသုံးရင် အဆင်ပြေမလဲ သိလိုပါတယ်ဆရာ။**

ရေကျောက်ပေါက်ရင် မိုးနံ့ရွက်ကိုအရည်ညှစ်လိမ်းပေးပါ။ အရည်ကို အနည်းငယ်တိုက်ပေးပါ။ ဒါမှမဟုတ် ကွမ်းရွက်ကို အရည်ညှစ်လိမ်းပေးပါ။ ကွမ်းရွက်နဲ့ ထန်းလျက်ရောကျိုရင်လည်းရပါတယ်။ သနပ်ခါးအမြစ်ကို သံပရာရည်နဲ့ရောပြီး သွေးလိမ်းပေးရင်လည်း အနာသက်သာပါတယ်။

> ■ ခြေဖနောင့်ကွဲနာဖြစ်ရင် ခြေဖနောင့်နှစ်ဖက်ကို တမာရွက်ပြုတ်ရည်နဲ့ မိနစ်အနည်းငယ်စိမ်ပြီး ထောပတ်နဲ့ပျားရည်ရောစပ်လိမ်းနိုင်ပါတယ်။ နောက်တစ်နည်းက သဘော်ရိုးအညှာကထွက်တဲ့အစေးကို အုန်းဆီနဲ့ရောလိမ်းပါ။ မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီကို မီးနဲ့အပူပေးပြီး ခြေသလုံးနဲ့ဖနောင့်မှာ ညအိပ်ရာဝင်တိုင်းလိမ်းအိပ်ပါ။
>
> ■ ဆားနင်းတာက အလွန်အကျိုးများပါတယ်။ ဆားကြမ်းရော မီးဖိုချောင်သုံးဆားပါ ရရာသုံးစွဲနိုင်ပါတယ်။ နံနက်ရေမချိုးမီ၊ ညအိပ်ရာမဝင်မီ တစ်နေ့နှစ်ကြိမ်နင်းလို့ရပါတယ်။ ဆားမနင်းမီ ခြေထောက်ကို ဒူးအထက်ကနေအောက် ရေလောင်းပြီးမှ နင်းပါ။ ဆားနင်းပြီးရင်လည်း ခြေထောက်ကို ရေပြန်ဆေးရပါမယ်။ ဒါမှ အခိုးတွေ ကုန်အောင်ထွက်မှာပါ။

**ဆားနင်းခြင်းရဲ့အကျိုးကျေးဇူးတွေကို သိလိုပါတယ်။ ဆားက မီးဖိုချောင်သုံးဆားလား၊ ဆားကြမ်းလားဆိုတာလည်း သိလိုပါတယ်။**

ဆားနင်းတာက အလွန်အကျိုးများပါတယ်။ ဆားကြမ်းရော မီးဖိုချောင်သုံးဆားပါ ရရာသုံးစွဲနိုင်ပါတယ်။ နံနက်ရေမချိုးမီ၊ ညအိပ်ရာမဝင်မီ တစ်နေ့နှစ်ကြိမ်နင်းလို့ရပါတယ်။ ဆားမနင်းမီ ခြေထောက်ကို ဒူးအထက်ကနေအောက် ရေလောင်းပြီးမှနင်းပါ။ ဆားနင်းပြီးရင်လည်း ခြေထောက်ကို ရေပြန်ဆေးရပါမယ်။ ဒါမှ အခိုးတွေကုန်အောင်ထွက်မှာပါ။

**ဆားနင်းခြင်းအကျိုး**

(၁) အပူအောင်းနေသော အခိုးအငွေ့များ ခြေဖဝါးမှ တစ်ဆင့် ထွက်သွားနိုင်သည်။
(၂) ကျောက်ကပ်တွင် အပူခိုခြင်းမှကာကွယ်၍ ဆီးလမ်းကြောင်းကိုလည်း အကျိုးပြုသည်။
(၃) ကြာကြာနင်းလျှင် ခါးမှအပူများဆင်းသဖြင့် ခါးနာသက်သာစေနိုင်သည်။
(၄) အထိုင်များသူ၊ ယာဉ်မောင်းသူများအတွက် အညောင်းရောဂါ၊ အကြောပိတ်၊ အကြောတင်းခြင်းများမှ ကာကွယ်နိုင်သည်။
(၅) မျက်စိအာရုံစိုက်ရသူများ၊ မျက်မှန်တပ်ရသူများအတွက် မျက်စိကြည်စေပြီး စွဲမြဲလုပ်လျှင် မျက်မှန်လွတ်စေနိုင်သည်။
(၆) ဆံပင်ကျွတ်၊ ဆံပင်ပါး၊ ဆံပင်နှစ်ခွကွဲခြင်းများ သက်သာစေသည်။
(၇) ခေါင်းကိုက်၊ မျက်ရိုးကိုက်၊ မျက်ရည်ကျသူများ၊ မျက်ရည်လမ်းကြောင်းပိတ်သူများအတွက်လည်း အကျိုးရှိစေနိုင်သည်။
(၈) သားအိမ်လမ်းကြောင်းပိတ်၍ သားသမီးမရသူများ သားသမီးရစေနိုင်သည်။
(၉) အမျိုးသားဆီးကျိတ်ရောဂါရှိသူများ ဆီးကျိတ်ကြီးခြင်းမှ ကာကွယ်နိုင်သည်။

ဆားနင်းတာကို နံနက်အိပ်ရာထ၊ ညအိပ်ရာဝင် နှစ်ကြိမ်ပြုလုပ်နိုင်ပါတယ်။ ခွက်တစ်ခုထဲမှာ ဆားနှစ်ပိဿာ အနည်းဆုံးထည့်ရပါတယ်။ ပြီးရင် ရေမစိုအောင် အုပ်ထားရပါမယ်။ တစ်လလောက်ကြာမှ ဆားအသစ်လဲပေးနိုင်ပါတယ်။ ဆားကြမ်း၊ ဆားချောနှစ်မျိုးစလုံးရရာသုံးနိုင်ပါတယ်။ မိနစ် ၂၀ လောက်နင်းရင်ရပါတယ်။ ဆားနင်းတာကြောင့် ခေါင်းကိုက်ရောဂါ၊ ခါးနာရောဂါများ ပျောက်ကင်းနိုင်ပါတယ်။

**ဆရာရှင့်။ အပူချိန်အရမ်းများနေတဲ့အချိန်မှာ ကလေးတချို့ ကိုယ်ပူပြီး တက်သွားတာတွေ့ဖူးပါတယ်။ ကိုယ်ပူအရမ်းမတက်ရအောင် ဘာတွေလုပ်ပေးသင့်ပါသလဲ။**

လောလောဆယ် ကံ့ကော်ဝတ်ဆံကို သနပ်ခါးနဲ့ရောသွေးလိမ်းပါ။ သနပ်ခါးကို အနည်းငယ်ခွဲ့ပေးပါ။ ကံ့ကော်ဝတ်ဆံက အပူငြိမ်းစေပါတယ်။

**ဆရာခင်ဗျား။ ကျွန်တော့်သားလေးက အသက်ခုနစ်နှစ်ပါ။ ညအိပ်ရင် သွားကြိတ်နေလို့ ဘယ်လိုကုသရပါမလဲခင်ဗျာ။**

သွားကြိတ်တာက လေလက္ခဏာလို့ အာယုဗ္ဗေဒကျမ်းများက ဆိုပါတယ်။ လေစာတွေ၊ လေပွစာတွေ မကျွေးပါနဲ့။ အထူးသဖြင့် အကြော်အလှော်တွေမကျွေးပါနဲ့။ အာလူးကြော်၊ မုန့်ကြွပ်တွေ မကျွေးပါနဲ့။ ပီကေစတဲ့ ကြာကြာဝါးရတဲ့အစာတွေမကျွေးပါနဲ့။ ဖီးကြမ်းငှက်ပျောသီးကို မီးကင်ကျွေးပါ။ အိပ်ရာဝင်ခါနီး ဒူးအထက်ကနေအောက် ရေလောင်းဆေးပေးပါ။

**ဆရာကြီးရှင့်။ နေပူထဲကပြန်လာပြီး သံပရာရည်သောက်လို့ရပါသလား။ ခေါင်းမူးရင် အမေက သံပရာရည်သောက်လေ့ရှိပါတယ်။ တစ်နေ့က ပင်စင်သွားထုတ်ပြီးအပြန်မှာ သံပရာရည်သောက်လိုက်ပြီး သတိလစ်သလိုဖြစ်သွားလို့ပါ။**

နေပူထဲကပြန်လာပြီး သံပရာရည်မသောက်သင့်ပါဘူး။ အထူးသဖြင့် ရေခဲပါရင်ပိုဆိုးပါတယ်။ အချဉ်မှာ ပူချဉ်နဲ့ အေးချဉ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ သံပရာက ပူချဉ်ပါ။ ရှောက်သီးကတော့ အေးချဉ်ပါ။ ဒါကြောင့် ဆေးဆရာကြီးအတော်များများက ရှောက်ရည်ကို ဆေးဖက်ဝင်အဖြစ်သုံးပါတယ်။ ခေါင်းမူးတယ်ဆိုပြီး သံပရာရည်သောက်ရာက ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားသူ တွေ့ဖူးတယ်လို့ ရှေးကတိုင်းရင်းဆေးဆရာကြီး သွေးတိုးဦးသန်းမောင်က သူရေးတဲ့သွေးတိုးရောဂါအကြောင်း စာအုပ်မှာ ရေးသားထားတာကို ဖတ်ရှုရဖူးပါတယ်။

**လိပ်ခေါင်းသွေးကျရင် အမြန်ရပ်အောင် ဘာဆေးသုံးရမလဲဆရာ။**

ဆားခါးကိုရေဖျော်၊ ပလတ်စတစ်ဇလုံကြီးထဲမှာ ထည့်ပြီး ထိုင်ပေးပါ။ ပန်းလဲပွင့်ခြောက် (ပရဆေးဆိုင်မှာမေးဝယ်)ပြုတ်ရည်ကို တစ်နေ့မတ်ခွက်တစ်လုံးသောက်ပါ။

**ချောင်းအရမ်းဆိုးနေတာ ညဘက်မအိပ်ရဘူးဖြစ်နေပါတယ်ဆရာ။ ဘယ်လိုဆေးနည်းနဲ့ကုသရမလဲ ပြောပေးစေချင်ပါတယ်။**

ကွမ်းရွက်နဲ့ဆားကို ကတော့ထိုးထုပ်ပါ။ မပြေအောင် သွားကြားထိုးတံနဲ့ထိုးပြီး သံပြားပေါ်တင် မီးဖုတ်ပါ။ အဲဒီဆားပြာကို သံပရာရည်နဲ့ဖျော်လျက်ရင် ပျောက်ကင်းနိုင်ပါတယ်။

**ကြည်လွင်မြင့်(မုဒြာ)**

မုံရွာ၊ လှူမှုရေး

## ပိုးသတ်ဆေးဥပဒေ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်းနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်း ပညာပေးသင်တန်းဖွင့်ပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ တောင်သူများကို ပညာပေးစည်းရုံးနေသော ဝန်ထမ်းများအနေဖြင့် နည်းပညာအမျိုးမျိုးကို စာတွေ့၊ လက်တွေ့ကျွမ်းကျင်စွာလေ့လာသင်ယူကာ ဥပဒေ၊ နည်းဥပဒေများကို လေ့လာမှတ်သားပြီး လက်တွေ့အသုံးပြုလိုက်နာကြရန်ရည်ရွယ်၍ ပိုးသတ်ဆေးဥပဒေ၊ ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်းနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲကို မေလ ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မြေ၊ မျိုး၊ ပိုးရုံးရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး(စီမံ) ဦးထွန်းရှိန်က မိမိတို့ဌာနမှဝန်ထမ်းများအနေဖြင့် စိုက်ပျိုးရေးနည်းပညာများကို ကျွမ်းကျင်စွာတတ်မြောက်ထားမှသာ တောင်သူများအား စည်းရုံးပြီး ပြန်လည်ဆွေးနွေးပေးနိုင်မည်ဖြစ်ကြောင်း၊ သီးနှံများအထွက်နှုန်းတိုးတက်စေရေးအတွက် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးမှသာ အထွက်နှုန်းကောင်းပြီး မိမိတို့၏မိသားစု လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း၊ မိမိတို့၏အတွေ့အကြုံနှင့် ဆွေးနွေးပွဲမှရရှိသည့်နည်းပညာများကို လက်တွေ့ပေါင်းစပ်လုပ်ကိုင်ပြီး တောင်သူများအနေဖြင့် အခက်အခဲများရှိပါက တာဝန်ရှိသူများနှင့် ဆွေးနွေးကာ အကူအညီတောင်းခံကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမြင့်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး(စီမံ)နှင့် တာဝန်ရှိသူများက ပိုးသတ်ဆေးဥပဒေစာအုပ်များ၊ တောင်သူပညာပေး လက်ကမ်းစာစောင်များကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းချိုက ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်းများအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းဌေးက ပိုးသတ်ဆေးဥပဒေအကြောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဦးမြင့်လွင်က ဘက်စုံသီးနှံကာကွယ်ရေးနည်းပညာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းပညာများအကြောင်းကို ပရိုဂျက်တာဖြင့် စာတွေ့၊ လက်တွေ့ ရှင်းလင်းဆွေးနွေးပြီးနောက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှပြသထားသော သဘာဝပိုးသတ်ဆေးဖော်စပ်အသုံးပြုနည်း သရုပ်ပြသမှုကို ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

နေပြည်တော် မေ ၁၀

## “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ မထေရ်မြတ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ “ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ”အခမ်းအနားကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရတော်မူသော နေပြည်တော်တိုင်းသံဃနာယကအဖွဲ့ဝင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသမထေရ်မြတ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ “ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ” အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ မဟာဝိသုတာရာမဈေးကုန်း ပရိယတ္တိစာသင်တိုက် ရွှေရတုသာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ဦးစီး ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒအမှူးပြုသောဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ရဆရာတော် မဟာဝိသုတာရာမဈေးကုန်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသနှင့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်းသာသနာရေးမှူး ဦးဆန်းထွန်းအောင်နှင့် ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒမထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တကောသလ္လအရှင်သူမြတ်က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ သူဌေးကုန်းကျောင်းဆရာတော် ဘဒ္ဒန္တကေလာသ(ဓမ္မအောင်လံ)နှင့် ပုဗ္ဗသီရိမြို့ သန္တိသုခဓမ္မရေစဉ် မိုးကုတ်ဝိပဿနာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇဝနတို့က အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရား၏ဂုဏဝိသိဋ္ဌပူဇာထောမနာဟာရစာတမ်းများကို ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် သာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်မှ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဓမ္မစကြာအဖွဲ့များက ရှစ်လုံးဖွဲ့ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြကာ နိုင်ငံတော်ရွှေတံဆိပ်ဆုများရှင် တက္ကသိုလ်အားမာန်က ဝင်းသစ္စာ(သမ္ဘုလ) ရေးသားပူဇော်အပ်သော အချီ/ အချညီ မဟာရတုပိုဒ်စုံဖြင့် သီဆိုပူဇော်သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင်ချီးမြှင့်အပ်နှင်းခဲ့သည့် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်အား နေပြည်တော်တိုင်းသာသနာရေးမှူး ဦးဆန်းထွန်းအောင်က ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ထပ်ဆင့်ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကြွရောက်တော်မူလာသည့် ဆရာတော်သံဃာတော်တို့အား နေပြည်တော်တိုင်းသာသနာရေးမှူးနှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပုဗ္ဗသီရိမြို့ ဝဲကြီးပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာဒိစ္စထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**လင်းကြည်လင်း**

နေပြည်တော် မေ ၁၀

## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဆောင်သစ် ဖွင့်ပွဲအခမ်းအနားကျင်းပ




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်(သန်လျင်)၌ အသစ်တည်ဆောက်ပြီးစီးခဲ့သော ကျောင်းသားဆောင်(သံလွင်ဆောင်) နှင့် ကျောင်းသူဆောင်(မြရည်နန္ဒာဆောင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်ပင်မဆောင်အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ အင်ဂျင်နီယာမှူးကြီးများ၊ ဌာနခွဲမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကျောင်းသားဆောင်(သံလွင်ဆောင်)နှင့် ကျောင်းသူဆောင်(မြရည်နန္ဒာဆောင်)တို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကျောင်းသား၊ ကျောင်းသူများ နေထိုင်မည့်အခန်းများ၊ ထမင်းစားဆောင်၊ သန့်စင်ခန်း၊ ရေချိုးခန်းများနှင့် အဆောင်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက် အဆိုပါ ကျောင်းဆောင်သစ်များကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး ၂၁၂ ပေ × ၁၃၂ ပေ × ၄၂ ပေအကျယ်အဝန်းရှိသည့် ၂၄၀ ဦးဆံ့ သုံးထပ်ဆောင်များဖြစ်သည်။ ယခင်က မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တွင် အဆောင်များမရှိခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြင်ပအဆောင်များတွင် နေထိုင်ခဲ့ပြီး ကုန်ကျစရိတ်များပြားခဲ့သည်။ ယခုအခါ အဆောင်သစ်များ တည်ဆောက်ပေးနိုင်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဆောင်လခ၊ စားစရိတ်၊ ခရီးစရိတ်များသက်သာမည့်အပြင် တက္ကသိုလ်ပရိဝုဏ်အတွင်း အေးချမ်းလုံခြုံစွာနေထိုင်နိုင်တော့မည်ဖြစ်သည်။

အဆောင်တိုင်းတွင် ကျောင်းသားတစ်ဦးစီအတွက် ခုတင်၊ အဝတ်ဗီရို၊ စာကြည့်စားပွဲ၊ ကုလားထိုင်နှင့် အခန်းတိုင်းတွင် မျက်နှာကြက်ပန်ကာများတပ်ဆင်ပေးထားပြီး ၂၄၀ ဦးဆံ့ ထမင်းစားဆောင်များ ထည့်သွင်းတည်ဆောက်ပေးထားကြောင်းနှင့် တက္ကသိုလ်ပြန်လည်ဖွင့်လှစ်မည့် ဇွန်လ ၃ ရက်မှ စတင်၍ ကျောင်းသား၊ ကျောင်းသူများကို အဆောင်သစ်များတွင် စတင်နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ရန်ကုန် မေ ၁၀

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့နိုင်ပွဲရရှိ

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်းသိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီ ၃၄ မိနစ်တွင် စလင်းအားကစားကွင်း၌ မြဝတီအသင်းနှင့် ISPE အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ယဉ်လွန်းအိမ်ကလည်းကောင်း၊ ပွဲချိန် ၇၅ မိနစ်နှင့် ၇၈ မိနစ်တွင် လင်းမြင့်မိုရ်ကလည်းကောင်း ISPE အသင်းအတွက် သွင်းဂိုးများသွင်းယူပေးခဲ့ပြီး သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ YREO အသင်းနှင့်ရန်ကုန်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင်လည်း ပုံစံကောင်းရရှိနေသည့် ရန်ကုန်ယူနိုက်တက်အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် မိနစ် ၁၀ တွင် အေးအေးဖိုးက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့မိသည့်အတွက် ရန်ကုန်ယူနိုက်တက်အသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲချိန် မိနစ် ၄၀ တွင် ယွန်းဝတီလှိုင်နှင့်ပွဲချိန် ၅၃ မိနစ်တွင် ဆွေမာအောင်တို့က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများထပ်မံသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။




မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၅) အဖြစ် မေလ ၁၁ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ဧရာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

မြိတ်၊ စိုက်ပျိုးရေး

# မြိတ်ခရိုင်အတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ကော်ဖီပျိုးပင်များ အခမဲ့ပေးအပ်

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေလ ၂၉ ရက်က မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ(ရွှေဒူးဥယျာဉ်ခြံ) သို့သွားရောက်၍ မြိတ်ခရိုင်အတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ကော်ဖီပျိုးပင်များ အခမဲ့ပံ့ပိုးပေးအပ်သည်။

ရှေးဦးစွာ မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မြိတ်ခရိုင်အတွင်း မြို့နယ်အလိုက် ကော်ဖီပျိုးပင်များ ပျိုးထောင်ထားရှိမှုအခြေအနေနှင့် ယခုနှစ်မိုးရာသီတွင် စိုက်ဧက ၉၀၀ ကျော်၌ တောင်သူ ၃၇၃ ဦးက ကော်ဖီစိုက်ပျိုးရန် ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နှစ်ရှည်သီးနှံ ရော်ဘာနှင့် ကွမ်းသီးပင်များကြားတွင် ကော်ဖီတိုးချဲ့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုရရှိပြီး တောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရန် ကော်ဖီပျိုးပင်များ အခမဲ့ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း၊ တောင်သူများ ဝင်ငွေတိုးစေရန် ဖြစ်ထွန်းအောင် စိုက်ပျိုးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအား ကော်ဖီပျိုးပင်များကို အခမဲ့ပံ့ပိုးပေးအပ်ပြီး တောင်သူများနှင့် မြိတ်ခရိုင် ကော်ဖီလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီဝင်များကို အားပေးစကားပြောကြားကာ ရွှေဒူးဥယျာဉ်ခြံအတွင်း တောင်သူများအား အခမဲ့ဖြန့်ဝေပေးမည့် ကော်ဖီပျိုးပင်များနှင့် ကိုကိုးပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**နိုင်ထူး(ပြန်/ဆက်)**



မိုးမိတ်၊ စီးပွားရေး

# မိုးမိတ်ဒေသထွက်အင်ဥများ ပေါ်ဦးပေါ်ဖျားတွင် အရောင်းသွက်လျက်ရှိ

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်မှ ဒေသထွက်အင်ဥများ ပေါ်ဦးပေါ်ဖျားတွင် အရောင်းသွက်လျက်ရှိကြောင်း မိုးမိတ်မြို့နယ်မှ ဒေသအစားအစာရောင်းချသူများ၏ပြောဆိုချက်အရ သိရသည်။

"အင်ဥဆိုတာ အင်ပင်တွေရဲ့အောက်မှာ အမြစ်တွေနဲ့ဆက်စပ်နေတဲ့ မှိုတစ်မျိုးပါ။ မိုးရာသီအစက အင်ဥစထွက်တဲ့ရာသီပါ။ ဒေသထွက်အင်ဥတွေကို အသားနဲ့အအီပြေပဲချက်ချက်၊ သူ့ချည်းပဲချက်ချက် စားလို့ကောင်းပါတယ်။ အခုလိုအချိန်က အင်ဥအနုဆုံးအချိန်ဖြစ်တာကြောင့် ပိုစားကောင်းသလို အရောင်းလည်းသွက်ပါတယ်" ဟု မိုးမိတ်မြို့နယ်မှ ဒေသအစားအစာရောင်းချသူတစ်ဦးကပြောသည်။

လက်ရှိတွင် အင်ဥများစတင်ထွက်ရှိချိန်ဖြစ်သောကြောင့် ရန်ကုန်မြို့အပါအဝင်နယ်ဒေသများမှ မှာယူလျက်ရှိကြောင်း၊ တစ်နှစ်ပတ်လုံးတွင် အင်ဥတစ်ကြိမ်တည်းသာထွက်ရှိပြီး ထွက်ရှိချိန်ရက်အတိအကျကိုမသိနိုင်ဘဲ မိုးမှန်စပြုချိန်တွင်ထွက်ရှိကြောင်း၊ အင်ဥတူးသူများသည် မြေကြီးထဲရှိအင်ဥများကို ဝါးပြားဖြင့်ကလော်ယူကြပြီး ရရှိလာသောအင်ဥများကို စုဆောင်း၍ နှစ်နာရီခန့်ကြာအောင် ရေစိမ်ထားပြီးမှ ဆေးကြောသန့်စင်ပါက ပိုမိုလွယ်ကူကြောင်း သိရသည်။

အင်ပင်သည် မြန်မာ၊ အိန္ဒိယ၊ ထိုင်းနှင့်အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံတချို့၌ပေါက်ရောက်ပြီး မြန်မာနိုင်ငံတွင် ပဲခူးရိုးမနှင့်အင်တိုင်းမြေများ၌ မိုးဦးကာလဖြစ်သည့် မေလနှင့်ဇွန်လတို့တွင် အင်ဥများပေါ်များစွာတွေ့ရကြောင်း သိရသည်။

**ဝါဝါ**

ဖျာပုံ၊ စီးပွားရေး


# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၅ ရက်တာကာလအတွင်း နံ့ကားစပါးတင်းရေ ၅၅၀၀၀ အထိ တင်ပို့ရောင်းချထား

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလ ၁ ရက်မှ ၂၅ ရက်အထိ ၂၅ ရက်တာကာလအတွင်း နံ့ကားစပါးတင်းရေ ၅၅၀၀၀ အထိ တင်ပို့ရောင်းချထားနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဦးထက်ဆန်း၏ပြောပြချက်အရ သိရသည်။

"ဖျာပုံမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချကြတာပါ။ နံ့ကားစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမယ့် အခြေခံလူတန်းစားတွေ ပိုကြိုက်ကြပြီး စားလို့ကောင်းတဲ့ဆန်ဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလည်း ကောင်းပါတယ်။ နံ့ကားစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က ဒီလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလည်း အခက်အခဲမရှိပါဘူး"ဟု ဦးထက်ဆန်းကပြောသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလတစ်လတာကာလအတွင်း နံ့ကားစပါးတင်းရေ ၆၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလ ၁ ရက်မှ ၂၅ ရက်အထိ ၂၅ ရက်တာကာလအတွင်း နံ့ကားစပါးတင်းရေ ၅၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းနှင့် အဆိုပါစပါးအမျိုးအစားသည် စားသုံးမှုများသည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

**သုတကျော်**




သာယာဝတီ၊ ကျေးလက်ဖွံ့ဖြိုးရေး

# မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်ထုတ်ချေးပေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဇီးပွဲကျေးရွာအုပ်စု သူဌေးကုန်းကျေးရွာနေ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒသမအကြိမ်အဖြစ် မေလ ၃၀ ရက်တွင် ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၅၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သူဌေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၅၃၀ ကို အသင်းသား၊ အသင်းသူများ၏လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်နိုင်**

ဘာလင်၊ ဘောလုံး

## ဘိုင်ယန်မြူးနစ်အသင်းနှင့်အပြီးသတ်စာချုပ်ချုပ်ဆိုရန် နည်းပြကွန်ပနီ ဂျာမနီနိုင်ငံသို့ရောက်ရှိနေ

ဘိုင်ယန်မြူးနစ်အသင်းနည်းပြသစ်အဖြစ် အပြီးသတ်စာချုပ်ချုပ်ဆိုရန် နည်းပြကွန်ပနီသည် ဂျာမနီနိုင်ငံသို့ရောက်ရှိနေကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြတူချယ်ကို ပြီးခဲ့သည့်ဘောလုံးရာသီက ခန့်အပ်ခဲ့ပြီး နည်းပြတူချယ်အနေဖြင့် အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ဆယ်စုနှစ်တစ်စုကြာဆွတ်ခူးထားသည့် ဂျာမန်ဘွန်ဒက်စ်လီဂါဖလားကို လက်လွှတ်ခဲ့ရသည့်အပြင် ဂျာမန်ပိုကယ်ဖလား၊ ဂျာမန်စူပါဖလားနှင့်ချန်ပီယံလိဂ်ဖလားတို့ကိုလည်း လက်လွှတ်ခဲ့ရပြီး ရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၈ နှစ်အရွယ် မန်စီးတီးအသင်းကစားသမားဟောင်း နည်းပြကွန်ပနီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီးနောက် ၂၀၂၀ ပြည့်နှစ်က ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ် အသင်းနည်းပြဘဝဖြင့် နည်းပြလောကသို့စတင်ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်က ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ခြင်းဖြစ်သည်။




နည်းပြကွန်ပနီသည် ဘန်လေအသင်းကိုတာဝန်ယူကိုင်တွယ်ခဲ့ရာ အသင်းနှင့်ပထမဆုံးဘောလုံးရာသီတွင်ပင် ချန်ပီယံရှစ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ပြန်လည်တန်းဆင်းခဲ့ရသည်။

ဘိုင်ယန်မြူးနစ်အသင်းက အစောပိုင်းကတည်းက ထိပ်တန်းနည်းပြများကို ချိတ်ဆက်မှုများလုပ်ဆောင်ခဲ့သော်လည်း အဆင်မပြေဖြစ်ခဲ့သည့်အတွက် နည်းပြကွန်ပနီကိုခန့်အပ်ရန်ကြိုးပမ်းခဲ့ပြီး ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ရန်ပြင်ဆင်နေကြောင်း သိရသည်။

***Ref;Fabrizio Romano***

မက်ဒရစ်၊ ဘောလုံး

## ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန် အစီအစဉ်မရှိကြောင်း လူငယ်ကစားသမား ရိုဒရီဂိုပြော

ရီးယဲလ်မက်ဒရစ်အသင်း လူငယ်ကစားသမား ရိုဒရီဂိုက ရီးယဲလ်မက်ဒရစ်အသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း ပြောကြားခဲ့သည်။

လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရိုဒရီဂိုတို့ စာချုပ်သက်တမ်းမှာ ၂၀၂၆ ခုနှစ်အထိ ကျန်ရှိနေသေးသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက မကြာမီ ပီအက်စ်ဂျီအသင်းမှ အမ်ဘတ်ပီကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်တော့မည်ဖြစ်ခြင်းကြောင့် အသင်းတိုက်စစ်ပိုင်းမှ ရိုဒရီဂိုကို ပြန်လည်ရောင်းချရန်ပြင်ဆင်လျက်ရှိနေသည်ဟု သတင်းများထွက်ပေါ်နေသည့်အတွက် ရိုဒရီဂိုက အနာဂတ်နှင့်ပတ်သက်ပြီး ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ရိုဒရီဂိုက "ကျွန်တော်နဲ့ပတ်သက်ပြီး ထွက်ပေါ်နေတဲ့သတင်းတွေအပေါ် ဘာမှမှတ်ချက်မပေးလိုပါဘူး။ ကျွန်တော် ရီးယဲလ်မက်ဒရစ်အသင်းက ထွက်ခွာဖို့ တစ်ခါမှ မတွေးဖူးသလို ထွက်ခွာဖို့အတွက်လည်း အစီအစဉ်မရှိပါဘူး။ ရီးယဲလ်မက်ဒရစ်အသင်းလို ကမ္ဘာ့ထိပ်တန်းကလပ်အသင်းမှာ ကစားခွင့်ရတာ ကျွန်တော့်ဘဝမှာ ဂုဏ်အယူရဆုံးပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

***Ref;The Athletic***

ဘာလင်၊ ဘောလုံး

## မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဂရင်းဝုဒ်ကို ဒေါ့မွန်အသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူရန်စီစဉ်

ဒေါ့မွန်အသင်းက မန်ယူအသင်းနှင့်အနာဂတ်မရေမရာဖြစ်နေသည့် တောင်ပံကစားသမား ဂရင်းဝုဒ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် လူငယ်တောင်ပံကစားသမား ဂရင်းဝုဒ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ စပိန်ကလပ်ဂီတာဖေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး လာမည့်ဇွန်လအကုန်တွင် ဂီတာဖေးအသင်းနှင့် အငှားစာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် မန်ယူအသင်းနှင့်ပြန်လည်ပူးပေါင်းမည်ဖြစ်သည်။

ဂရင်းဝုဒ်သည် ဂီတာဖေးအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ထိပ်တန်းအသင်းကြီးအများစုကခေါ်ယူဖွယ်ရှိနေပြီး ယခုအခါ ၎င်းကို ခေါ်ယူလိုသည့်အသင်းများတွင် ဒေါ့မွန်အသင်းလည်း ပါဝင်လျက်ရှိသည်။

ဒေါ့မွန်အသင်းသည် အသင်းတိုက်စစ်ပိုင်းကို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပြင်ဆင်ရန်ကြိုးပမ်းလျက်ရှိနေပြီး အသင်းတိုက်စစ်ပိုင်းမှ မာလန်းနှင့်အဒီယာမီတို့ကို ရောင်းချမည်ဖြစ်ပြီး ၎င်းတို့နေရာ၌ ဂရင်းဝုဒ်အပြင် စတုဂတ်အသင်းမှ ဂူရယ်ဆီကိုလည်းခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။ ဒေါ့မွန်အသင်းက ဂရင်းဝုဒ်ကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူပြီး အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်မှသာ အပြီးသတ်ခေါ်ယူရန်စီစဉ်နေကြောင်း သိရသည်။

***Ref;The Telegraph***

ပဲရစ်၊ ဘောလုံး

## ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လ်လိုင်ဖီက အသင်းမှထွက်ခွာမည့် တိုက်စစ်မှူးအမ်ဘတ်ပီကိုပေးချေရမည့်အပိုဆုကြေးများကို ပေးချေမည်မဟုတ်ကြောင်း ထုတ်ပြန်

ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လ်လိုင်ဖီက မကြာမီ အသင်းမှထွက်ခွာမည့် တိုက်စစ်မှူး အမ်ဘတ်ပီအတွက် ပေးချေရမည့်အပိုဆုကြေး ယူရို သန်း ၈၀ ကို ပေးချေမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အမ်ဘတ်ပီသည် ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး လာမည့် ဇွန်လကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည်။

အမ်ဘတ်ပီကို အစောပိုင်းနှစ်များကတည်းက ရီးယဲလ်မက်ဒရစ်အသင်းကခေါ်ယူရန် အကြိမ်ကြိမ်ကြိုးပမ်းခဲ့ပြီး အပြောင်းအရွှေ့ဖြစ်မြောက်ရန်နီးစပ်ခဲ့သော်လည်း ပီအက်စ်ဂျီအသင်းက မြင့်မားသည့်လုပ်ခလစာပေးပြီး အသင်းတွင် ဆက်လက်ထိန်းထားခဲ့ခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်းက ယခုဘောလုံးရာသီအစပိုင်းကတည်းက အမ်ဘတ်ပီကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့သော်လည်း အမ်ဘတ်ပီကိုယ်တိုင်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် အကြိမ်ကြိမ်ငြင်းဆိုခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ထိပ်တန်းကစားသမားတစ်ဦးကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရမည်ဖြစ်သည့်အတွက် အမ်ဘတ်ပီ၏လုပ်ရပ်ကိုကျေနပ်ခြင်းမရှိ၍ ၎င်းကို ပေးချေရမည့်အပိုဆုကြေးများကိုပေးချေမည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အမ်ဘတ်ပီဘက်မှလည်း ယင်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

***Ref;Goal.com***



နေပြည်တော် မေ ၃၀

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ လေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ် အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကယားပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက် အုပ်စုပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်း ဒေသကြီးအသင်းက မန္တလေးတိုင်းဒေသ ကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို




နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။


ဆက်လက်ပြီး ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် မန္တလေးတိုင်း ဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက မွန်ပြည်နယ် အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ ကချင်ပြည်နယ် အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်း ကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲအဖွဲ့လိုက် ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသ ကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ် အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဧရာဝတီ တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိ ခဲ့သည်။

၂၀၂၄ ခုနှစ် မေလ ၃၁ ရက်**(ယနေ့)** နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ပြည်နယ်နှင့်တိုင်းဒေသကြီးပိုက်ကျော် ခြင်း(အမျိုးသား/အမျိုးသမီး) လေးယောက် တွဲအဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ် များ၊ တတိယလုပွဲစဉ်များနှင့်ဗိုလ်လုပွဲ ပွဲစဉ် များ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းသိရသည်။

**ကျော်လွင်(မြဝတီ)**

နေပြည်တော် မေ ၃၀

# တရားမဝင်စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၂၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန် သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁) လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင် ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Carbon Stick ကီလိုဂရမ် (၁၈၀၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၅၈၈၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးတရား မဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မေလ ၂၇ ရက်**တွင် ကုန်းတွင်းဆိပ်ကမ်း ရွာသာကြီး Dry Port ၌ Bonded Warehouse အတွင်းမှ ကုမ္ပဏီမှ စွန့်လွှတ် ကြောင်းလျှောက်ထားလာသည့် ဗီယက်နမ် နိုင်ငံထုတ် စားသောက်ကုန်ကြမ်းပစ္စည်း Foodstuff Malt Extract Cereal ကီလိုဂရမ် (၉၂၅၀၀) (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၅၈၃၅၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **မေလ ၂၉ ရက်**တွင် မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မြကျွန်းသာအနီး၌ လိုင်စင်မဲ့ Nissan March မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၈၃၅၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၉ ရက်**တွင် မန္တလေး တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေကျင်စစ်ဆေးရေးစခန်း ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီပရိမီယမ်ဒီဇယ်ဆီဂါလန် (၂၇၆၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၅၆၈၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာ သည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၅၆၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂၉ ရက်**တွင် စစ်ကိုင်း တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံ တံတား(ပူးပေါင်း) စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ Subaru Samber မော်တော်ယာဉ် (၁)စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေလ ၂၅ ရက်၊ ၂၇ ရက် နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်း မှာ အမှုတွဲ (၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၈၅၀၆၀၀)**ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ မှသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၃၀

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့်၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒ ဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီ ခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထား သော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက် ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်း များပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက် ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက် ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင် သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံ ရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင် ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ၂၀၂၄ ခုနှစ်၊ မေလ ၂၉ ရက်နေ့ တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှု ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Mg San" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံ မြို့နယ်၊ သီရိမာလာ(အနောက်)ရပ်ကွက်နေ စန်းဝင်းဌေး(ခ)မောင်စန်းအား ည ၈ နာရီ ၁၀ မိနစ်တွင် အောင်မြေသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း နှင့်ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ် ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိ ပေးသတင်းထုတ်ပြန်အပ်ပါသည်။ **(၁၀၀)**

နေပြည်တော် မေ ၃၀

## အမ်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ စီစဉ်ဆောင်ရွက်ပေးသော အခြေခံစားကုန်ပစ္စည်းများရောက်ရှိ၊ သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေး



**အမ်းမြို့ရှိဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ငရုတ် စသည့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့်ရောင်းချပေးစဉ်။**

ရခိုင်ပြည်နယ်အတွင်း AA အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် ဆက်သွယ်ရေးလမ်းကြောင်းများအား နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့ခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် အမ်းခရိုင်ရှိ ဒေသခံပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာပြီး အမ်း-ပဒါန်း လမ်းကြောင်းအတိုင်း ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး အရပ်ဘက်မော်တော်ယာဉ် ၂၇ စီးသည် မေလ ၂၉ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့သို့ရောက်ရှိလာရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ ကြက်သွန်နီ၊ ငရုတ် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက်ဝယ်ယူအားပေးကြသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် မေ ၃၀

## တနင်္သာရီမြို့နယ်၊ သိန္နောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်များ ထိခိုက်ပျက်စီးသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

တနင်္သာရီမြို့နယ်၊ သိန္နောကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ နယ်မြေခံတပ်ရင်းဌာနချုပ်မှလုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၂၄ ရက်နေ့တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာရှိနေအိမ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်းနှင့် ဒေသခံပြည်သူများလည်း ထွက်ပြေးတိမ်းရှောင်နေကြကြောင်း မဟုတ်မမှန်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိန္နောကျေးရွာနှင့်အနီးဝန်းကျင်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်များက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ စိုးရိမ်ထိတ်လန့်၍ ခေတ္တတိမ်းရှောင်နေကြခြင်းဖြစ်ပြီး တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် တိုက်ပွဲများဖော်ဆောင်ရာ၌ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ထောက်ထားငဲ့ညှာမှုမရှိဘဲ ဒေသခံပြည်သူများ၏နေအိမ်များကို အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ကျေးရွာများအတွင်းသို့ ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




| ♫♫ သင်(FM) အသံလွှင့်အစီအစဉ် ♫♫ ၃၁-၅-၂၀၂၄ (သောကြာနေ့) | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၇း၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၂။ | ၁၂း၁၅ | Special Music Time | ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် | ၆။ | ၂၁း၄၀ | Love Dictionary |

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့်**

**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO CEMENT
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
PREMIUM QUALITY CEMENT
RHINO
PORTLAND CEMENT
OPC-BS-12-1996
STRENGTH CLASS 42.5 N
PRODUCT OF MEC
EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အညီအညွှန်းပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၀ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များခြင်းပင်ဖြစ်. . .

❖ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ် နိုင်ငံတော်ကြီးကို တည်ဆောက်ရန်ဦးတည်ကြိုးပမ်းလျက်ရှိ. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ပြုလုပ်သော (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ခေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်မည်ဖြစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သင်္ခေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၃၀**

နည်းပြများအနေဖြင့် မိမိတို့တတ်မြောက်သင်ကြားထားသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျသင်ကြားလေ့ကျင့်ပေးပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်သည့် နိုင်ငံတော်နှင့်တပ်မတော်က အားထားရသည့် ပြည်သူကအားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ သင်တန်းသားအရာရှိငယ်များ၊ ဗိုလ်လောင်းများအနေဖြင့်လည်း စိတ်ဓာတ်ခံယူချက်ကောင်းစွာဖြင့် သင်ယူလေ့လာ၍ နိုင်ငံတော်နှင့်တပ်မတော်ကို ပြန်လည်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊

စာမျက်နှာ ၆ ကော်လံ ၁ ❑